အတ္တသမ္မာ ပဏိဓိစ ဧတံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆည်မြောင်းဝန်ထမ်းများနှင့်အတူ ပဲခူးတိုင်း ကဝမြို့နယ် ရွှေလှေရေထိန်းတံခါးဖွင့်ပွဲ မုခ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ပဲခူးမြစ်နှင့်စစ်တောင်းမြစ်အကြား စတုတ္ထမြောက်ရွှေလှေရေထိန်းတံခါးကြီးဖွင့်လှစ်ပေးခဲ့

ပဲခူး-စစ်တောင်းတူးမြောင်းဝဲယာတစ်လျှောက်ရေနက်ကွင်းများနွေရာမိုးပါစိုက်ပျိုးနိုင်ပြီ

ဒေသခံတောင်သူလယ်သမားကြီးများအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက်စနာရီ၄၅မိနစ်တွင် ပဲခူးတိုင်း ကဝမြို့နယ်ရှိ ရွှေလှေရေထိန်းတံခါးသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ပဲခူးတိုင်း ကဝမြို့နယ် ဆည်မြောင်းနှင့် ပဲခူးမြစ်ဆုံရာ ရွှေလှေကျေးရွာအနီးရှိ ၆ ပေ x ၁၆ ပေ အကျယ်၊ အပေါက် ၄၀ ပါရှိသော ကွန်ကရစ်ရေတံခါး ရွှေလှေရေထိန်းတံခါးကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

နယ်မြေဒေသအေးချမ်းတည်ငြိမ်မှုထိန်းသိမ်းစောင့်ရှောက် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးပူးပေါင်းပါဝင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်သည် တစ်ချိန်တစ်ခါက လက်နက်ကိုင်သောင်းကျန်းမှုများ ရှိခဲ့သော်လည်း ယခုအခါနိုင်ငံတော်၊ ဒေသခံပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်း ဆောင်ရွက်မှု စွမ်းအားများကြောင့် နယ်မြေဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် လုံခြုံအေးချမ်းစွာ နေထိုင်နေကြရပြီဖြစ်သည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ မူဆယ်ခရိုင်အပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတစ်ခုလုံးသည် အရှိန်အဟုန်ဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဖေဖော်ဝါရီလ ၂၂ရက်နေ့ မွန်းလွဲပိုင်းက မူဆယ်မြို့ မြို့တော်ခန်းမ၌ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်နှင့် မူဆယ်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အမှာစကားပြောကြားရာ၌–

"နယ်စပ်ဒေသမြို့များ၌ မူဆယ်မြို့သည် ဖွံ့ဖြိုးတိုးတက်မှု အားအကောင်းဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး မူဆယ်ဒေသအပါအဝင် ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးလာအောင် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးရေးစီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်ရာ၌ လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်ကို နားလည်ခံယူကြရမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မူဆယ်ခရိုင်သည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု အခြေအနေ သည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိသည်။ ထို့အတူ နယ်စပ်ဒေသကုန်သွယ်မှု မှာလည်း တိုးတက်အောင်မြင်လျက်ရှိသည်။

နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌လုပ်ငန်းရှင်များအနေဖြင့် ရေတို အကျိုးအမြတ်ရရှိရေးကိုသာ အလေးမထားဘဲ မှန်မှန်ကန်ကန်သမာဓိရှိရှိ လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ အထက်တန်းကျကျ သိက္ခာရှိရှိယုံကြည်စိတ်ချရသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ဂုဏ်ယူစွာ ခံယူပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဆိုပါက ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကိုပါ ပိုမိုအထောက်အကူပြု သယ်ပိုးနိုင်မည် ဖြစ်သည်။

နိုင်ငံတော်တစ်ရပ်လုံး တည်ငြိမ်အေးချမ်းသာယာပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှု ရရှိလာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးအခြေအနေမှာလည်း ခိုင်မာတိုးတက်လာလျက်ရှိသည်။

ဤသို့ တိုးတက်အောင်မြင်မှုများ ရရှိလာသည်မှာ မိမိတို့တိုင်းရင်းသားအားလုံး၏ တလုံးတစည်း တည်းသော ညီညွတ်မှုစွမ်းအားကြောင့်ပင်ဖြစ်သည်။

မူဆယ်ဒေသသည် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော နယ်စပ် ဒေသဖြစ်သည့်အားလျော်စွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ရမှာ ဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။

သို့ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများက နယ်မြေဒေသအေးချမ်းတည်ငြိမ်မှု ထာဝရတည်တံ့ ခိုင်မြဲစေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ **အောက်ပါအတိုင်းဖြစ်သည်။**

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

၂၀၀၄ ခုနှစ်ဖေဖော်ဝါရီ ၂၆ ရက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် သံဃာတော်များ၏ သာသနာဝင်စိစစ်ရေး ကတ်ပြားများ ဆက်ကပ်ပွဲ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးရွှေထူးက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံ သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်စဉ်။ (က–ပ)

မိုးကုတ်ဝိပဿနာ(၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပုဇွန်တောင်မြို့နယ် အမှတ် (၂) ရပ်ကွက် သာယာကုန်းလမ်း (ကြက်တန်း) သာသနဝေပုလ္လတိုက်အုပ် ကျောင်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ် (၁၇၂) တွင် ဧပြီ ၈ ရက်မှ ၁၈ရက်အထိ ၁၀ရက်တိုင်တိုင် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ နည်းလှည့် သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးကဝိသာရ (ဓမ္မာစရိယ)နှင့် နယ်လှည့်သာသနာပြု ဓမ္မကထိကဆရာကြီးဦးဆန်းတင့်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက်တရားတော်များကို ဟောကြားပြသ မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မတ် ၁ရက်မှ စတင်၍ စာရင်းပေးသွင်း နိုင်ကြပြီး ဖုန်း–၂၀၁၂၉၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပေးအပ်

ကမ္ဘာအေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် မြို့နယ်သာသနာ့ဝေယျာဝစ္စလုပ်ငန်းများအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အရှေ့) ရပ်ကွက် ပြည်သူများ စုပေါင်းလှူဒါန်းငွေ ၃၁၅၈၈၅ ကျပ်ကို ဖေဖော်ဝါရီ ၂၇ ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များက မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

မြောက်ဥက္ကလာပမြို့နယ်အခြေခံပညာမူလတန်းကျောင်း အမှတ် (၄၀) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ရာ ပထမတန်းဘက်စုံပညာထူးချွန်ဆုရ မဇင်မင်းထက်အား ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်မူ ကဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ဝေနယျသုခရေချမ်းစင်အသင်း သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၁၃၆၅ ခုနှစ် (တပေါင်းလပြည့် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်) မတ် ၅ရက် သောကြာနေ့တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာစောင်းတန်းလေးသွယ်အနီးမှ နေ၍ သောက်ရေသန့်ဘူးများကို ဒါနပြုလှူဒါန်းမည်ဖြစ်သည်။

ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ သောက်ရေသန့်ရေဘူးလေးများအား အနည်းဆုံးဘူး ၁၀၀ ကို ကျပ် ၃၅၀၀ နှုန်းဖြင့် လှူဒါန်းလျှင် လည်းကောင်း အလှူရှင်ကမ္ပည်းတပ်လှူဒါန်းပေးမည်ဖြစ်ပြီး အလှူရှင်ကိုယ်တိုင်လည်း လာရောက် လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း–၃၈၁၇၃၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

လေ့ကျင့်သင်ကြားနေမှုကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

▼ ***နိုင်ငံတော်အကြီးအကဲမှ***

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကဝမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးဦးအောင်သန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Aided Instruction Room၊ Electronic Media (Audio System) Language Lab၊ Electronic Media (Video System) တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ညိုက ကဝမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊လူဦးရေ၊ရာသီဥတု အခြေအနေနှင့် မိုးရွာသွန်းမှု၊ မိုးစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ နွေစပါးစိုက်ပျိုးထားမှုနှင့် တိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်မှု၊ ဝမ်းစာဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့်လုပ်ငန်း လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေသော လုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် ကဝ–အင်းတကော်လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူး ဘေလီတံတားတည်ဆောက်ခြင်း၊ကဝမြို့နယ်အတွင်း အခြေခံပညာအထက်တန်းအဆင့်အဖြစ် ကျောင်းနှစ်ကျောင်းတိုးမြှင့်ပေးခြင်း၊ မြို့နယ်ဆေးရုံကို (၁၆)ခုတင်မှ(၂၅)ခုတင်အဆင့် တိုးမြှင့်ပေးခြင်း၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ပေးခြင်းများကို စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကဝမြို့ အခြေခံပညာကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ် ဆရာကြီးအား ပေးအပ်ပြီး မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်တကွ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် နံနက်ပိုင်းတွင် ကဝမြို့နယ်အတွင်းရှိ ရွှေလေ့ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ဒေသများ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ ကဝမြို့နယ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

မြို့နယ်များဖွံ့ဖြိုးရေး

ဗဟိုအဆင့်မှ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အခြေခံဒေသများဖြစ်သော မြို့နယ်များဘက်စုံဖွံ့ဖြိုးရေး လက်တွေ့အခြေအနေများ သိရှိပြီး လိုအပ်သည်များ ဆောင်ရွက်ပေးမည်ဆိုသည့် သဘောထားဖြင့် လာရောက်ခဲ့ခြင်းလည်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အရေးအရာကိစ္စများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းထားရန်လိုအပ်သကဲ့သို့ ယင်းအုပ်ချုပ်ရေးယန္တရား မှန်ကန်သွက်လက်ထက်မြက်ရေးတွင် မြို့နယ်အဆင့်သည် အဓိကအကျဆုံးပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်း ထူထောင်ထားပြီးဖြစ်သည့်အပြင် ဗဟိုမှသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်ဒေသများအထိ လုပ်ငန်းဆိုင်ရာကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရည်မှန်းချက်များအောင်မြင်

ယနေ့အချိန်အခါတွင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဗဟိုအဆင့်မှ တာဝန်ရှိသူများအနေဖြင့် အောက်ခြေဒေသများအထိသွားရောက်ပြီးလုပ်ငန်းများမနေမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ အလားတူပင် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်မှ တာဝန်ခံများအနေဖြင့် ကျေးလက်ဒေသများအထိ ဆင်းပြီး မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကြိုးပမ်းလုပ်ကိုင်ကြပါမှ နိုင်ငံတော်က ချမှတ်ပေးသည့် လုပ်ငန်းရည်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာမှာ ဖြစ်ကြောင်း။

ယခုအခါတွင် အချို့သော ခရိုင်အဆင့်၊မြို့နယ်အဆင့်များတွင်လုပ်ငန်းများအကောင်အထည်ဖော်မှု အားနည်းနေသဖြင့် ခါးဆက်ပြတ်နေသကဲ့သို့ ဖြစ်နေကြောင်း၊ ယနေ့ခေတ်ကာလတွင် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တာဝန်ကျေပွန်ရုံ၊ သတ်မှတ်ရုံးချိန်အတွင်း ရုံးလုပ်ငန်းများဆောင်ရွက်ရုံမျှဖြင့် နိုင်ငံတော်၏ မြင့်မားသောရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်နိုင်မှာ မဟုတ်ကြောင်း။

မိမိနိုင်ငံမိမိတည်ဆောက်

ယနေ့အချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် တိုင်းတစ်ပါး ပေးကမ်းထောက်ပံ့မှုကို မမျှော်ကိုးဘဲ မိမိတို့၏ ကိုယ်ပိုင် ခနအင်အား၊ တိုင်းရင်းသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အတတ်ပညာစွမ်းအားနှင့် ပြည်သူ များ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းပကားကိုသာ အားပြုပြီး မိမိနိုင်ငံ မိမိတည်ဆောက်လျက်ရှိကြောင်း။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်ရုံ ဆောင်ရွက်သည့် ဗျူရိုကရေစီ လုပ်နည်းလုပ်ဟန်မျိုးကိုရှောင်ရှားပြီး မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များအပြင် မိမိတို့ တာဝန်ကျရာ ဒေသ၏ တိုးတက်ရာ တိုးတက်ကြောင်းနှင့် ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး နည်းလမ်းများ ရှာကြံ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပြည်သူများအကျိုးဖြစ်ထွန်း

မြို့နယ်အဆင့် တာဝန်ခံများသည် မိမိတို့ မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိကြောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အခြေခံဒေသ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ကျေးလက်များအထိဆင်းပြီး ပြည်သူများ၏ အခြေအနေ၊ ပြည်သူများ၏ ဘဝကို သိရှိပါမှ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် အစီအမံများ ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း။

လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာဌာနများ ပါဝင်သည့် ကော်မတီများ ဖွဲ့စည်းပေးထားသည်ဖြစ်ရာ မိမိဌာန၏ လုပ်ငန်းသက်သက်ကိုသာမကြည့်ဘဲ ဌာနများပေါင်းစပ်လျက် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းအောင် စေတနာနှင့် ဝီရိယပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြည်သူ့လိုအပ်ချက်ဖြည့်ဆည်း

ပြည်သူများနှင့် ထိတွေ့ပြီး ပြည်သူများ၏ လိုအပ်ချက်ကို သိမြင်ဖြည့်ဆည်းပေးပါမှ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားကို ရရှိပြီး မိမိဒေသဖွံ့ဖြိုး တိုးတက်ရေး၊ ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှာ ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကဝမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာရဲမြင့်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကဝမြို့ မြို့နယ်ဆေးရုံကို (၁၆)ခုတင်ဆံ့ဆေးရုံမှ (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း သနပ်ပင်မြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သနပ်ပင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာအောင်ကျော်မြင့်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ကာကွယ်ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆေးရုံအဆင့်တိုးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သနပ်ပင်မြို့ ပြည်သူ့ဆေးရုံကို (၁၆)ခုတင်ဆံ့မှ (၂၅) ခုတင်ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးပြီး ဆေးရုံတိုးချဲ့အဆောက်အအုံ တည်ဆောက်နိုင်မည့် မြေနေရာကို ဆေးရုံပရဝဏ်အတွင်း ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Application & e-mail၊ Computer Aided Instruction၊ Language Lab၊ Electronic Media (Video System)၊ Visual Presenter Electronic Media(Audio System) and Printed Media တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဌာနဆိုင်ရာများတွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သနပ်ပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက သနပ်ပင်မြို့နယ်၏ တည်နေရာနှင့်

စာမျက်နှာ ၆ ကော်လံ ၁

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၌ ပြောက်ကျားတို့၏တိုက်ခိုက်မှုများ နိုင်ငံအနှံ့အပြားတွင် ပိုမိုဖြစ်ပွားလာနေ

ဘာလွမ်းဘာ့ဂ် ဖေဖော်ဝါရီ ၂၈

အီရတ်နိုင်ငံတွင် ပြောက်ကျားများ၏ တိုက်ခိုက်မှုသည် ဆက်ဒမ်ကို သစ္စာခံသူများထက် အီရတ်နိုင်ငံအနှံ့အပြားတွင် ဖြစ်လာနေသည်ဟု အမေရိကန် စစ်မြေပြင်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သူမှာ ပြည်ပတိုက်ခိုက်ရေး ကွန်ရက်အဖွဲ့ဝင်တစ်ဦးဟု စွပ်စွဲထားသူ အဘူမာဆက်ဘ်အယ်လ်ဇာကာဝီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က စွပ်စွဲပြောကြားသည်။

ဖော်ပြ

အမေရိကန်စစ်ဌာနချုပ်သည် ယခုလအစောပိုင်း၌ ဇာကာဝီထံမှ ရေးသားပေးပို့သောစာကို အများသိအောင် လုပ်ဆောင်ခဲ့သည်။ အဆိုပါစာ၌ အီရတ်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်အောင် လှုံ့ဆော်ပေးသော အစီအစဉ်ကို ဖော်ပြထားသည်။ ယခုသီတင်းပတ်အစောပိုင်း၌ ဇာကာဝီ၏ ထိပ်တန်းဗုံးပြုလုပ်သူမှာ အပေါင်းပါတပ်များနှင့် ဖေဖော်ဝါရီ ၁၉ ရက်၌ ဖြစ်ပွားသော တိုက်ပွဲတွင် သေဆုံးသွားခဲ့သည်။

ဆက်လက်ဖြစ်ပွား

အီရတ်နိုင်ငံတစ်ဝန်း ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံး ထိခိုက်ဒဏ်ရာရရှိမှုများ ဆက်လက်ဖြစ်ပွားနေလျက်ရှိသည်။ **(အင်တာနက်)**

အီရတ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် လူသားအကျိုးကိစ္စရပ်များ လေ့လာအကဲဖြတ်ခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ရော့စ်မောင်းတိန်းသည် သီတင်းပတ်ကုန်၌ ကျင်းပမည့် ဒေါ်လာဘီလီယံများစွာ ကူညီထောက်ပံ့မည်ဟု ကတိခံထားကြသော အလှူရှင်နိုင်ငံများ၏ ညီလာခံမတိုင်မီ ဖေဖော်ဝါရီ ၂၅ ရက်က ဘဂ္ဂဒက်သို့ ခေတ္တရောက်လာပြီး လူသားအကျိုးဆောင်ရွက်ရေး ပြဿနာများကို အကဲဖြတ်ခဲ့သည်။

ဘဂ္ဂဒက်၌ရှိစဉ် ၎င်းသည် ဒေသဆိုင်ရာ အမှုထမ်းများအပြင် အဆင့်မြင့် အီရတ်ခေါင်းဆောင်များနှင့် တွေ့ဆုံရမည်ဟု ကုလသမဂ္ဂ ပြောခွင့်ရအမျိုးသမီး ဗာရိုနစ်တေဗီအောက ဂျော်ဒန်၌ ပြောကြားသည်။

လူသားအကျိုးဆောင်ရွက်ရေးကိစ္စများကို ရော့စ်မောင်းတိန်း အကဲဖြတ်မည်ဖြစ်ကြောင်း အီရတ်ပြည်သူများ၊ အရာရှိများနှင့် ကုလသမဂ္ဂ အီရတ်အမှုထမ်းများကို တေဗီအောက ပြောကြားသည်။

ဆယ်စုနှစ်များစွာ ပိတ်ပင်အရေးယူခံရခြင်းနှင့် စစ်ဖြစ်ပွားခြင်းတို့မှ နာလန်ထူရန်အတွက် အကူအညီ ဒေါ်လာ ၁၅ ဘီလီယံ ထုတ်ပေးရေးကိစ္စကို အလှူရှင်နိုင်ငံများသည် အဘူဒါဘီ၌ ဆွေးနွေးကြမည်ဖြစ်သည်။

နိုင်ငံ ပြန်လည်ထူထောင်ရန်နှင့် နိုင်ငံအနှံ့ အလုပ်လက်မဲ့ဖြစ်မှု ဖြေရှင်းရန်အတွက် ထောက်ပံ့ကူညီမှု အရေးတကြီး အမြန်လိုအပ်ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

"ကျွန်တော့်ဒေသကိုလာပြီး ဆေးရုံများအခြေအနေနှင့် လမ်းပေါ်၌ ရှိနေကြသော လူအများအပြား အခြေအနေကို အကဲခတ်ကြည့်လှည့်ပါ"ဟူ၍ ဘဂ္ဂဒက်တောင်ဘက် လာတီဖီယာ ကောင်စီဥက္ကဋ္ဌက ပြောကြားသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၂၈ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်ရှိ ရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရပြီးနောက် မီးလောင်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

ဘဂ္ဂဒက်မြောက်ဘက်တွင် ရေနံချက်စက်ရုံနှစ်ရုံကြားသွယ်တန်းထားသော ရေနံပိုက်လိုင်းတစ်ခု သောကြာနေ့က ဖောက်ခွဲဖျက်ဆီးခြင်းခံရပြီး မီးလောင်ခဲ့ကြောင်း ရေနံအရာရှိတစ်ဦးက ပြောကြားသည်။

ရေနံပိုက်လိုင်းကို လောင်နေသောမီးအား ငြိမ်းသတ်ရန် အမှုထမ်းများကို စေလွှတ်ပေးထားပြီး ပျက်စီးမှုကို အကဲခတ်ခဲ့ကြောင်း အရာရှိတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

ပြသ

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်ရှိ ဆာမာရာမြို့စွန်၌ အဆိုပါရေနံပိုက်လိုင်း မီးလောင်ပျက်စီးမှုအခြေအနေကို ရိုက်တာ ရုပ်မြင်သံကြားက ရိုက်ကူးပြသခဲ့သည်။

ဆက်သွယ်

ပိုက်လိုင်းသည် ဘဂ္ဂဒက်အနီး ဒိုရာ ရေနံချက်စက်ရုံနှင့် ဘဂ္ဂဒက်မြောက်ဘက် ဘေဂျီ ရေနံချက်စက်ရုံကို ဆက်သွယ်ထားသော ရေနံပိုက်လိုင်းဖြစ်သည်။

အီရတ်ရေနံချက်စက်ရုံများသည် လွန်ခဲ့သော နှစ်လအတွင်း ဓာတ်ဆီမလုံလောက်မှု ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ထုတ်လုပ်မှုကို တိုးမြှင့်ခဲ့ကြသည်။ **(အင်တာနက်)**

အာကာသစခန်းတည်ဆောက်ရေး တရုတ်နိုင်ငံကြိုးပမ်း

ပေကျင်း ဖေဖော်ဝါရီ ၂၈

လူလိုက်ပါလာသော အာကာသယာဉ် ရှင်ကျိုး ၅ လွှတ်တင်မှုအောင်မြင်ပြီးနောက် တရုတ်နိုင်ငံ၏ အာကာသစီမံကိန်း ရည်မှန်းချက်များ ပိုမိုလာခဲ့သည်။ တရုတ် သုတေသီများသည် အာကာသစခန်းတစ်ခုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပြီဖြစ်ကြောင်း ရှင်ကျိုး ၅ ၏ ဒီဇိုင်း အင်ဂျင်နီယာချုပ်ဖြစ်သူ ဝမ်ယူဂျူးက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် မကြာမီနှစ်များအတွင်း ရှင်ကျိုး ၇ နှင့် ရှင်ကျိုး ၈ တို့ကို လွှတ်တင်ကာ အဆိုပါခရီးစဉ်အတွင်း အာကာသစခန်း တည်ဆောက်မည်ဖြစ်သည်။ တည်ဆောက်မည့် အာကာသစခန်းသည် ကမ္ဘာကို လှည့်ပတ်နေသော အာကာသ စမ်းသပ်လေ့လာရေးစခန်း ဖြစ်လာမည့်အပြင် လွန်းပြန်ယာဉ်များကိုလည်း လက်ခံချိတ်ဆက်နိုင်မည်ဖြစ်သည်။ **(စီစီတီဗွီ)**

ဩဇာတိက္ကမကြီးမားသော အီရတ်ခေါင်းဆောင် စစ္စတာနီ ကုလသမဂ္ဂ၏သုံးသပ်ချက်ကို သဘောတူညီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ၌ ဩဇာတိက္ကမကြီးမားသော အီရတ်ခေါင်းဆောင်အလီအယ်လာစစ္စတာနီသည် အီရတ်ရွေးကောက်ပွဲဆိုင်ရာ ကုလသမဂ္ဂ၏ သုံးသပ်ချက်ကို သဘောတူညီကြောင်း ပြောကြားလိုက်သည်။ အုပ်ချုပ်ရေးလွှဲပြောင်းရယူချိန်မတိုင်မီ အီရတ်၌တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပရန် မဖြစ်နိုင်သေးကြောင်း ကုလသမဂ္ဂက အကဲဖြတ်သုံးသပ်ခဲ့ခြင်းဖြစ်သည်။

အယ်လ်စစ္စတာနီက တရားဝင် ရွေးကောက်တင်မြှောက်ထားသော အစိုးရထံသို့သာ အီရတ်၏ အချုပ်အခြာ အာဏာကို လွှဲပြောင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရွေးကောက်ပွဲကျင်းပရေးကာလရွှေ့ဆိုင်းမှုကို လက်ခံမည်ဖြစ်ကြောင်းလည်း သဘောတူညီခဲ့သည်။

ဘာကူဘာမြို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် ရဲအရာရှိတစ်ဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။ မျက်မြင်သက်သေများအဆိုအရ လူစည်ကားရာ ဈေးရပ်ကွက်တစ်ခုအတွင်း ရဲကားတစ်စီးထဲသို့ လက်လုပ်ဗုံးတစ်လုံး ပစ်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဖေဖော်ဝါရီ ၂၇ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်

မော်ရိုကိုနိုင်ငံ ငလျင်ဒဏ်ခံရမှု ဂျော်ဒန်က အကူအညီပေးမည်

အမ္မန် ဖေဖော်ဝါရီ ၂၇

ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိ ငလျင်ဒဏ်ကိုခံခဲ့ရသော မော်ရိုကိုနိုင်ငံသို့ ဂျော်ဒန်နိုင်ငံက အရေးပေါ် အထောက်အကူပို့ပေးမည်ဟု ပီထရာသတင်းဌာနက ကြာသပတေးနေ့၌ သတင်းထုတ်ပြန်ပေးခဲ့သည်။

အဆိုပါ အထောက်အကူပေးမှုတွင် ရွက်ဖျင်တဲများ၊ အစားအစာများပါဝင်ပြီး သောကြာနေ့နံနက်၌ မော်ရိုကိုသို့ ဦးတည်သွားရောက်မည်ဖြစ်သည်။ ယင်းသို့ အကူအညီပေးရန် ဂျော်ဒန်ဘုရင်က လမ်းညွှန်မှုပေးခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုနိုင်ငံ အရှေ့မြောက်ပိုင်း၌ အင်္ဂါနေ့ အစောပိုင်းက ငလျင်လှုပ်ခဲ့ရာ လူ ၅၇၁ ဦးထက်မနည်း သေဆုံးခဲ့သည်။

ယင်းသို့ ငလျင်လှုပ်မှုကြောင့် အသက်ပေါင်းများစွာသေဆုံးခဲ့ရသည့်အတွက် အလွန်အမင်း ဝမ်းနည်းမှုဖြစ်ရကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက မော်ရိုကို ဘုရင်ထံပေးပို့သည့် ဝမ်းနည်းသဝဏ်လွှာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြားဖြတ်အစိုးရ မည်သို့ရွေးချယ်မည်ဆိုသည်ကို အီရတ်တို့ကိုယ်တိုင် ဆုံးဖြတ်ကြရမည်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၅

အီရတ်တို့အနေဖြင့် ကြားဖြတ်အစိုးရ မည်သို့ရွေးချယ်မည်ကို ကိုယ်တိုင်ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ယမန်နေ့၌ ပြောကြားလိုက်သည်။

အီရတ်သို့ အချက်အလက်ရှာဖွေရေး ခရီးသွားခဲ့ပြီးနောက် တင်သွင်းခဲ့သည့် ကုလသမဂ္ဂသံတမန် လက်ခ်ဒါဘရာဟီမီ၏ အစီရင်ခံစာသည် ကြားဖြတ်အစိုးရ ရွေးချယ်ရန် နိုင်ငံတစ်ဝန်း ကိုယ်စားလှယ်ရွေးချယ်ရေး အစည်းအဝေးများကျင်းပရေးကို ပယ်ချလိုက်ပြီး လွတ်လပ်သော အီရတ်အစိုးရသို့ အုပ်ချုပ်ရေးလွှဲပေးမည့် နောက်ဆုံးရက်ဖြစ်သော ဇွန် ၃၀ ရက်မတိုင်မီ ရွေးချယ်ပွဲများကျင်းပရေးကိစ္စကိုလည်း ငြင်းပယ်ခဲ့သည်။

တိုက်တွန်း

ဘရာဟီမီက လွတ်လပ်သော အီရတ်ရွေးချယ်ရေးကော်မရှင် အမြန်ဆုံးထူထောင်ရန် တိုက်တွန်းခဲ့ပြီး ရွေးချယ်ပွဲများ ပြင်ဆင်ရန် အနည်းဆုံး ရှစ်လကြာမည်ဟု ပြောဆိုခဲ့သည်။ အစောဆုံး ဒီဇင်ဘာဖြစ်နိုင်သည်ဟု ဆိုသည်။

ကုလသမဂ္ဂ အရာရှိများက အချိန်ကန့်သတ်မှုရှိလင့်ကစား ကုလသမဂ္ဂကို အီရတ်ပြည်သူတို့အပေါ် ဆုံးဖြတ်ချက်တစ်ရပ်ပြဋ္ဌာန်းသည့် အဖွဲ့အစည်းအသွင် မမြင်စေလိုကြောင်း ပြောဆိုကြသည်။

ခြိမ်းခြောက်

ဘရာဟီမီ၏ အစီရင်ခံစာတွင် လုံခြုံရေးမရှိမှုသည် အဓိက အနှောင့်အယှက်များဖြစ်ကြောင်း ရေးသားဖော်ပြထားသည့်ပြင် ပြည်သူ့စစ်အဖွဲ့များရှိခြင်းသည် အကျပ်ကိုင်မှု ဖြစ်လာနိုင်ပြီး နိုင်ငံရေးယုံကြည်ထိုက်မှုကို ဖျက်ဆီးမည့် ခြိမ်းခြောက်မှုဖြစ်လာနိုင်ကြောင်းလည်း ရေးသားထားသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၂၈ ရက်က ဖော်လူဂျာမြို့တွင် ကင်းလှည့်ရန် ပြင်ဆင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဂျော်ဒန်၊ မော်ရိုကို၊ တူနီးရှားနှင့် အီဂျစ် ကုန်သွယ်ရေးဒေသထူထောင်

အမ္မန် ဖေဖော်ဝါရီ ၂၇

ဂျော်ဒန်၊မော်ရိုကို၊ တူနီးရှားနှင့် အီဂျစ်နိုင်ငံတို့ကြား လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရန်အတွက် သဘောတူစာချုပ်တစ်ရပ်ကို မော်ရိုကိုနိုင်ငံ၏ မြို့တော်ရာဘတ်၌ချုပ်ဆိုကြောင်း ဂျော်ဒန်နိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ဈေးကွက်ရောက်

အဆိုပါစာချုပ်သည် လေးနိုင်ငံ၏ယှဉ်ပြိုင်မှုစွမ်းရည် တိုးလာဖွယ်ရှိပြီး ၎င်းတို့၏ ကုန်ပစ္စည်းများ ဥရောပဈေးကွက်သို့ ရောက်စေမည်ဟု သတင်း၌ ဖော်ပြထားသည်။

အဆိုပြု

အာရပ်စီးပွားရေး ပူးတွဲဆောင်ရွက်ချက်တိုးမြှင့်ရန် ရည်ရွယ်သော ဒေသခွဲ လွတ်လပ်သောကုန်သွယ်ရေးဒေသ ထူထောင်ရေးကို ၂၀၀၁ခုနှစ် မေလအမ္မန်တွင် ကျင်းပသော (၁၃)ကြိမ်မြောက် အာရပ်ထိပ်သီးအစည်း အဝေး၌ အဆိုပါနိုင်ငံများက ဦးဆောင်အဆိုပြုခဲ့ကြခြင်း ဖြစ်သည်။

ဖန်တီးပေး

ယင်းအဆိုကို ဥရောပကော်မရှင်သည် နိုင်ငံရေးအားဖြင့် အဓိကထောက်ခံမှုပေးသော အဖွဲ့အစည်းဖြစ်ပြီး ဒေါ်လာသန်းပေါင်းများစွာ အထောက်အကူပေးခဲ့သည်။ ယခုချုပ်ဆိုသော သဘောတူချက်သည် အဆိုပါလေးနိုင်ငံရှိ ပြည်သူ သန်း ၁၀၀ ကျော်၏ စုပေါင်းဈေးကွက်တစ်ခုကို ဖန်တီးပေးမည်ဖြစ်ရာ ဒေသတွင်း ဥရောပရင်းနှီးမြှုပ်နှံသူများအတွက် စွဲဆောင်မှုအခွင့်အလမ်းသစ်များကို ပေးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ငှက်ဖျား၊ အေအိုင်ဒီအက်စ်နှင့် တီဘီကြောင့် အာဖရိကနိုင်ငံများ၌ နှစ်စဉ်လူခြောက်သန်းသေဆုံးရ

ဒါကာ ဖေဖော်ဝါရီ ၂၆

အာဖရိကနိုင်ငံများ၌ ငှက်ဖျား၊ အေအိုင်ဒီအက်စ်နှင့် တီဘီရောဂါများကြောင့် နှစ်စဉ် လူခြောက်သန်းခန့် သေဆုံးရလျက်ရှိရာ ပိုမိုအစွမ်းထက်သော ဆေးဝါးသစ်များထုတ်လုပ်နိုင်ရေးအတွက် ဥရောပနှင့် အာဖရိက သုတေသီများပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ဆီနီဂေါနိုင်ငံ ဒါကာမြို့၌ကျင်းပခဲ့သော အစည်းအဝေးသို့ အာဖရိကနိုင်ငံများ၊ ဥရောပနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ပထမဆုံးအကြိမ်အဖြစ် ယခုကဲ့သို့ ပူးပေါင်းသုတေသနပြု ထုတ်လုပ်ကြရန် သဘောတူခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ ဒေါ်လာ သန်း ၆၀၀ ရင်းနှီးမြှုပ်နှံကာ ဆေးဝါးသုတေသနလုပ်ငန်းများနှင့် စမ်းသပ်ချက်များကို ၂၀၀၇ ခုနှစ်၌ ပြုလုပ်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းအရ လုပ်ငန်းများကို စီစဉ်ညွှန်ကြားမည့် အာဖရိကမှ လေးဦးပါဝင်သော အဖွဲ့ဝင် ၁၂ဦးပါ ကောင်စီတစ်ရပ်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သုတေသီများကို ကော်မတီတစ်ရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အီရတ်လေ့လာရေးအဖွဲ့ တင်ပြသည့် အစီရင်ခံစာ ကုလလုံခြုံရေးကောင်စီဥက္ကဋ္ဌ ကျေနပ်မှုရှိဟုပြောကြား

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၆

အီရတ်ရွေးချယ်ပွဲနှင့်ပတ်သက်၍ သက်ဆိုင်သည့်အဖွဲ့အစည်းများအနေဖြင့် သဘောတူညီချက်အရ ရရှိလာနိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်နိုင်ငံက ပြောကြားလိုက်သည်။

သုံးသပ်ပြောကြား

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ် ဝမ်ဂွမ်ယာက အီရတ်နိုင်ငံ၏ ရွေးချယ်ပွဲအစီအစဉ်များနှင့် အုပ်ချုပ်ရေးလွှဲပြောင်းလက်ခံရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး လက်ခံနိုင်မည့် သဘောတူညီချက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယမန်နေ့ကကျင်းပသည့် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အစီရင်ခံစာအားလုံး သုံးသပ် ဆွေးနွေးပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အားရကျေနပ်

အီရတ်သို့ လေ့လာရေးသွားရောက်ခဲ့သော ကုလသမဂ္ဂအဖွဲ့ခေါင်းဆောင် လက်ခ်ဒါဘရာဟီမီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည့် ထောက်ခံအကြံပြုချက်များအပေါ် အားရကျေနပ်မှုရှိကြောင်းလည်း တရုတ်သံအမတ်က ပြောကြားခဲ့သည်။ ယင်းအစည်းအဝေး၌ အမေရိကန်နှင့် ဗြိတိန်သံအမတ်များက အီရတ်နိုင်ငံ၏ လတ်တလောအခြေအနေနှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီဝင်နိုင်ငံများအား ရှင်းလင်းတင်ပြသည်။ အဆိုပါအစည်းအဝေးမှ အီရတ်နိုင်ငံရေးအနာဂတ်တွင် ကုလသမဂ္ဂ၏ ပါဝင်ကူညီဆောင်ရွက်မှုကို ကြိုဆိုကြောင်း ထုတ်ပြန်ခဲ့ပြီး ဇွန်လ ၃၀ရက်တွင် အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းမည့် အစီအစဉ်အတိုင်း ဆောင်ရွက်ရန်နှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန်ကိုလည်း ထောက်ခံခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၂၇ရက်က တီကရစ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ၏ လိင်မှုကိစ္စ အနိုင်ကျင့်မှု၊ အဓမ္မပြုကျင့်မှု ၁၁၂မှုရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

ပါရှန်ပင်လယ်ကွေ့နှင့် အခြားနေရာများတွင် အမေရိကန်တပ်ဖွဲ့ဝင်များက လိင်မှုကိစ္စ၌ အနိုင်ကျင့် ကြောင်း၊ သို့မဟုတ် အဓမ္မပြုကျင့်ကြောင်း အမေရိကန်အမျိုးသမီး စစ်မှုထမ်းဒါဇင်များစွာ၏ စွပ်စွဲချက်များနှင့်အတူ နှစ်များစွာအတွင်း လိင်ကိစ္စ မတော်မတရားပြုသည်ဆိုသော တရားစွဲဆိုချက်များဖြင့် အမေရိကန်စစ်တပ် ရင်ဆိုင်ရလျက်ရှိသည်။

မတရားပြုကျင့်

အီရတ်၊ ကူဝိတ်နှင့် အာဖဂန်နစ္စတန်တို့ပါဝင်သော ဗဟိုစစ်ဌာနချုပ် စစ်ဆင်ရေးဒေသအတွင်း လွန်ခဲ့သည့် ၁၈ လတွင် လိင်မှုကိစ္စ မတော်မတရား ပြုကျင့်သည်ဆိုသော အစီရင်ခံစာ ၁၁၂ ခု ရှိခဲ့သည်ဟု စစ်ဘက်အရာရှိ များက ပြောဆိုသည်။

စုံစမ်းစစ်ဆေး

အမေရိကန်ကြည်းတပ်က ၈၆မှု၊ ရေတပ်က ၁၂ မှု၊ လေတပ်က ရှစ်မှုနှင့် မရိန်းတပ်က ခြောက်မှု အသီးသီးဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ တရားစွဲဆိုချက်များကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း နှင့် အချို့ကို စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူထားကြောင်း အရာရှိများက ပြောဆိုကြသည်။

(အင်တာနက်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း သနပ်ပင်မြို့ ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

အကျယ်အဝန်း၊ ဒေသမိုးရွာသွန်းမှု အခြေအနေ၊ အသားတင်စိုက်ပျိုးမြေဧက၊ မိုးစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ နွေစပါးစိုက်ပျိုးနိုင်မှုနှင့် တိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေမှု၊ ဝမ်းစာဖူလုံမှု အခြေအနေ၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးမှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း(၅)ရပ် အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တိုးမြှင့်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းများကို အသီးသီးအဆင့်မြှင့်ပေးပြီးနောက် မြို့နယ်ဆေးရုံကို(၁၆)ခုတင်ဆံ့မှ(၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခုအဖြစ်လည်း တိုးမြှင့်ဖွင့်လှစ်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် က သနပ်ပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် သနပ်ပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေး

ယနေ့နံနက်ပိုင်းက ကဝမြို့နယ်ရှိ ရွှေလှေ ရေထိန်းတံခါးဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး ပတ်ဝန်းကျင် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ သိရှိဖြည့်ဆည်းပေးနိုင်ရန် ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်များသို့ ဆက်လက် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း။

သနပ်ပင်မြို့နယ်အတွင်း၌လည်း တာဝ ရေထိန်းတံခါးကြီးကို တည်ဆောက်ပေးခဲ့ပြီး ၂၀၀၂ ခုနှစ်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အဖိုးတန်မြေဖြစ်လာရန်

ပဲခူးတိုင်းအတွင်း ပဲခူးကွင်းကြီးသည် မိုးရာသီတွင် ရေလျှံ ရေကြီးနစ်မြုပ်ပြီး နွေရာသီ၌ ပင်လယ်ဆားငန်ရေ ဝင်ရောက်သည့်အတွက် မြေရှိပါလျက် စိုက်ပျိုးရေး မဖြစ်ထွန်းနိုင်သည့် အခြေအနေရှိခဲ့ရာ မိမိတို့အစိုးရလက်ထက်တွင် ပဲခူးကွင်းကြီးအတွင်း ရေနုတ်တူးမြောင်းများဖောက်ခြင်း၊ အချက်အချာကျသည့်နေရာများ၌ ရေထိန်းတံခါးကြီးများ အကွက်ချ တည်ဆောက်ပေးခြင်းတို့ဖြင့် ပဲခူးရေနက်ကွင်းများကို စိုက်ပျိုးရေး ဖြစ်ထွန်းနိုင်သည့် အဖိုးတန်မြေများဖြစ်လာအောင် စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

စိုက်ပျိုးရေရရှိရန်

ထို့အပြင် ပဲခူးရိုးမမှ စီးဆင်းသည့် မြောက်မြားစွာသော ချောင်းငယ်မြောင်းငယ်များတွင် ဆည်တမံ အစုအဖွဲ့များ တည်ဆောက်ပေးပြီး ရာသီမရွေး စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ရန် စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

သို့ဖြစ်၍ ပဲခူးတိုင်းအတွင်း ရေတော် မိုးတော် အခြေခံကောင်းများဖြစ်ထွန်းပြီး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လယ်မြေများလည်း တိုးပွားလာလျက်ရှိနေရာ စိုက်ဧက တိုးချဲ့ခြင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်းအားဖြင့် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ပဲခူးတိုင်းကို ဧရာဝတီတိုင်းနည်းတူ နိုင်ငံတော်၏ စပါးကျီဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုင်းမှူးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးတို့ကို တာဝန်များ ပေးအပ်ထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးစွမ်းအားမြှင့်တင်

ယနေ့ခရီးစဉ်တွင်လည်း မိမိအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိသည့် ဆည်မြောင်းတာတမံနှင့် ရေထိန်းတံခါး စီမံကိန်းများ၊ စိုက်ပျိုးရေးစွမ်းအား မြှင့်တင်ရေးအစီအမံများနှင့် တိုင်းမှူးက တာဝန်ယူဆောင်ရွက်နေသည့် တာပတ်လုပ်ငန်းများ၊ တစ်ဖက်ရပ်ဆည်များ တည်ဆောက်ရေးလုပ်ငန်းများအတွက်လိုအပ်သည်များ ဖြည့်ဆည်းစီမံပေးခဲ့ပြီးဖြစ်ကြောင်း။

ဤသို့ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်တာဝန်ရှိသူများက အလေးထားဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးနေသည့်အချိန်အခါတွင် နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် အခြေခံဒေသများဖြစ်သည့် မြို့နယ်အဆင့်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများက တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ရဲရဲဝံ့ဝံ့တင်ပြ

မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် အခြေခံဒေသကျေးလက်များအထိဆင်းပြီး ပြည်သူများနှင့်ထိတွေ့ကာ ပြည်သူများ၏လိုအပ်ချက်လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုသလို မိမိတို့မဆောင်ရွက်နိုင်သည့် လုပ်ငန်း ကိစ္စများကို ခရိုင်အဆင့်သို့ မှန်ကန်စွာ ရဲရဲဝံ့ဝံ့တင်ပြကြရမှာဖြစ်ကြောင်း။

ခရိုင်အဆင့်ကလည်း မိမိတို့ဆောင်ရွက်နိုင်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး မဆောင်ရွက်နိုင်သည်များကို ပြည်နယ်၊ တိုင်းအဆင့်သို့ မှန်ကန်စွာ တင်ပြကြရမှာဖြစ်ကြောင်း။

ဤသို့ ဆင့်ကဲဆင့်ကဲ တင်ပြအစီရင်ခံခြင်း၊ လိုအပ်သည်များဖြည့်ဆည်းထောက်ကူပေးခြင်း၊ အမြဲမပြတ် ကြီးကြပ်ကြပ်မတ်ခြင်းများဆောင်ရွက်ကြပါမှ မြို့နယ်များ၊ခရိုင်များ၊ ပြည်နယ်၊တိုင်းများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတော်ကြီးလည်း ရည်မှန်းချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ဝီရိယနှင့်စေတနာပေါင်းစပ်

သို့ဖြစ်၍ ဆင့်ကဲဆင့်ကဲ တာဝန်ယူကြီးကြပ်မှု၊ အဆင့်အလိုက် လုပ်ငန်းကော်မတီများ၌ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်း ဆောင်ရွက်မှုတို့ဖြင့် တက်ညီလက်ညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရင်း မိမိတို့တာဝန်ကျရာဒေသ၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

*** ပြေးခုန်ပစ်မှ**

တို့ပွဲတွင် ဒေါင်းလေး အနိုင်ရသည်။ စိုင်းကို(တာမွေ)နှင့် ကာမွေ့(မြိုင်ကြီးငူ)တို့ပွဲမှာ သရေဖြစ်သွားသည်။ ချန်ဒူးဝှမ်(ကမ္ဘာအေး)နှင့် အောင်ထွန်း(မ/ဥက္ကလာ)တို့ပွဲမှာ သရေပင်ဖြစ်သည်။

လေးချီအထူးပွဲ သမိန်ရာဇာ(မလှိုင်)နှင့် အောင်ကျော်(ဒေါပုံ)တို့ပွဲတွင် မလှိုင်မြို့သားသမိန်ရာဇာ အနိုင်ရရှိသည်။

ငါးချီအထူးပွဲ

ငါးချီအထူးပွဲများကို မဟာ(ဒိုက်ဦး)နှင့် မင်းထွန်းလေး(တွံတေး)တို့ယှဉ်ပြိုင်ရင်ဆိုင်ထိုးသတ်ကြရာ မင်းထွန်းလေး အနိုင်ရရှိသည်။ ဒေါင်းစကြာ(ဒိုက်ဦး)နှင့်ဖျံလေး(ဘားအံ)တို ထိုးသတ်ရာတွင် ဖျံလေး ထိခိုက်ဒဏ်ရာရပြီး ဒေါင်းစကြာ အနိုင်ရသွားသည်။ နိုင်ပန်းစိန် (ဟသ်ာတ)နှင့် ခွန်ထွန်းလွင် (လယ်ယာဆည်မြောင်း)တို့ ထိုးသတ်ကြရာ ခွန်ထွန်းလွင် အခြေအနေကောင်းနေရာမှ လစ်ကွက်ဟာကွက်တစ်ချက်မိပြီး ဒဏ်ရာရကာ နိုင်ပန်းစိန်ကို အရှုံးပေးသွားရသည်။ ကြယ်ဖြူလေး(ကျောက်မှော်)နှင့် ရွှေမျိုးဝင်း(ရန်ကုန်)တို့ပွဲတွင် ရွှေမျိုးဝင်းအလဲထိုးခံရကာ ကြယ်ဖြူလေး အနိုင်ရသည်။

နောက်ဆုံးပွဲစဉ်

နောက်ဆုံးပွဲစဉ်တွင် ထိုးကြသူများမှာ စောဇော်လွင်(KLN)နှင့် ဒေါနပန်း(မြဝတီ)တို့ဖြစ်သည်။ စလျှင်စချင်း စောဇော်လွင် ဘယ်ညာကန်ချက်များကို တွင်တွင်သုံးသည်။ ဒေါနပန်းက ချိန်ရွယ်ကာ အကွက်ချောင်းသည်။ အကွက်ချောင်းနေစဉ် စောဇော်လွင်၏ ကန်ခြေကို ဒေါနပန်းက ဖမ်းယူပြီး ပစ်ပေါက်သဖြင့် စောဇော်လွင်ကျွမ်းတစ်ပတ်လိမ့်သွားသည်။ ဒေါနပန်းသည် မြဝတီသားတို့ဉာဉ်အတိုင်း သုံးချီမြောက်အထိ လှည့်ပတ်ရှောင်သည်။ ပိုင်မှဝင်ပူးသည်။ စတုတ္ထအချီတွင်တော့ တစ်ဖက်လူမောပြီဖြစ်၍ ဒေါနပန်းတို့စခန်းထတော့သည်။

သို့သော် တစ်ဦးကိုတစ်ဦး အပြတ်မဖြတ်နိုင်ကြချေ။ စောဇော်လွင် ဘယ်ညာခြေတွေခတ်သည်၊ ဒေါနပန်းက ခေါင်းကိုဖမ်းစွဲပြီး ဒူးနှင့်တိုက်သည်၊ ခေါင်းချင်းခွေ့သည်၊ ဒေါနပန်းက ခြေရော လက်ပါသုံးလာသည်၊ စောဇော်လွင်ကြံ့ကြံ့ခံနေရသည်၊ သို့သော်အချိန်စေ့ရောက်သောအခါတွင် နှစ်ဦးစလုံးမဖြတ်နိုင်ကြ၍ ထူးကဲသော အခြေအနေမရှိဘဲ ပူးတွဲသရေ ကျသွားရသည်။

ယနေ့ပွဲ

အာလီနှင့် လုံးချော။

(မြန်မာ့အလင်း)

သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးငွေများလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပုဇွန်တောင်မြို့နယ် ဘုရားဖြူပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဝိနယနုဂ္ဂဟာအသင်းကြီး၏ ဝိနည်းစာတော်ပြန်ပွဲတွင် စာဖြေဌာနများ ပြုလုပ်ရန်နှင့်စာသင်သား သံဃာတော်များ သီတင်းသုံးရန်အတွက် သုံးထပ်ကျောင်းတော်ကြီးတည်ဆောက်မည်ဖြစ်ရာစေတနာရှင်များ အလှူငွေများကို ဘဒ္ဒန္တနရိန္ဒာဘိဝံသ ဘုရားဖြူကျောင်းတိုက် ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တက်ရောက်

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့သို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်စဉ်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပဌမအကြိမ်(၄၇)ပါးစုံညီ ဒသမအစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးတော်ဆောင်ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၊ အဖွဲ့ဝင်ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေး ပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူသည်။

တင်ပြလျှောက်ထား

အစီအစဉ်အရ ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်းတွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အကြံပြုတင်ပြလာသောကိစ္စကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးအစီအစဉ်များကို တင်ပြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၏ အတည်ပြုချက်ရယူကာ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားများကြောင်း မှတ်တမ်းတင်ရန် ကိစ္စနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက် ရယူရန်ကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

အတည်ပြုချက်ယူ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များက ဝိနစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်) တနင်္လာနေ့မှ ယနေ့အထိ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် အခမ်းအနားမှူး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက် ရယူတော်မူသည်။

ထို့နောက် ပဌမအကြိမ် နဝမ (လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပင့်ဆောင်ရန်ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက "ဇယန္တောဗောဓိယာမူလေ"အစချီနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုကာ ပဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား ယနေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ်(၁၃၁/အေ)နေ ဦးဝင်းနိုင်-ဒေါ်စန်းစန်းနိုင် (နိဗ္ဗာန)မိသားစုက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး သာကေတမြို့နယ် အမှတ်(၃)ရပ်ကွက် ရန်အောင်လမ်း အမှတ်(၂)နေ ဦးမြင့်ဆွေ-ဒေါ်စန္ဒာဝင်း၊ သားမောင်ကောင်းမင်းခန့် (ကောင်းမင်းစတိုး) မိသားစုက နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို မတ် ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထေရဝါဒကျောင်းဆောင်တော်ကြီး အုတ်မြစ်တော်စီမင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပဲခူးမြို့ ဥဿာမြို့သစ် ရန်ကုန်-မန္တလေး ကားလမ်းမဘေးတွင် ဓမ္မာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ဦးစီးဦးဆောင်မှုဖြင့် သွန်းလောင်းပြုလုပ်တော်မူသည့် ပဲခူးမြို့ ကျိုက်သရေဆောင် ၃၇ ပေ ဉာဏ်တော်အမြင့်ရှိ တမ္ဗလောဟမဟာမုနိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော်မူရန် စံကျောင်းတော်ကြီး ဖြစ်သည့် ထေရဝါဒဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရန် အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားကို မတ် ၅ ရက် တပေါင်းလပြည့် (သောကြာနေ့) နံနက် ၇ နာရီတွင် တမ္ဗလောဟမဟာမုနိ ရုပ်ပွားတော်ကြီးဝင်း ပဲခူးဒီဂရီကောလိပ်ရှေ့၌ ပြုလုပ်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြရန် အသိပေးထားကြောင်းသိရသည်။

(က-ပ)

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့အခမ်းအနား မြို့တော်ဘန်ဒါဆရီဘီဂါဝန်၌စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ အကြိမ်(၂၀)မြောက် အမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ၂၃ ရက် ည ၈ နာရီခွဲတွင် မြို့တော်ဘန်ဒါဆရီ ဘီဂါဝန်ရှိ ဟတ်ဆန်နယ်ဘိုကီးယား အမျိုးသားအားကစားရုံ၌ စည်ကား သိုက်မြိုက်စွာ ဖွင့်လှစ်သည်။

အဆိုပါအခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံတော်အကြီးအကဲ ဘရူနိုင်းဒါရူဆလမ်ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာနှင့် မိဖုရား ရာဂျာပင်ဂီရန်အနက် ဆာလေဟာတို့တက်ရောက်အားပေးသည်။

အခမ်းအနားကျင်းပရာ ဟတ်ဆန်နယ်ဘိုကီးယား အမျိုးသားအားကစားရုံသို့ ဘရူနိုင်းနိုင်ငံတော်အကြီးအကဲ ဘုရင်ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာနှင့် မိဖုရား ရာဂျာပင်ဂီရန်အနက်ဆာလေဟာတို့သည်ဆွေတော်မျိုးတော်များနှင့်အတူ ည ၈နာရီခွဲတွင် ရောက်ရှိလာရာ စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းတီးမှုတ်ကြိုဆိုသည်။

ယင်းနောက် ဘုရင်ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာက ဘရူနိုင်း ဘုရင့်လက်နက်ကိုင်တပ်များနှင့် ဘရူနိုင်း ဘုရင့်ရဲတပ်ဖွဲ့တို့ပါဝင်သည့် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာသည် အလေးပြုခံ စင်မြင့်၌နေရာယူပြီးနောက် နိုင်ငံတော်အကြီးအကဲအား အစိုးရဌာနများ၊ စာသင်ကျောင်းများ၊ အခြားသောအဖွဲ့အစည်းများ အပါအဝင် အစုအဖွဲ့(၈၇)စုတို့က အလှည့်ကျချီတက်အလေးပြုပြီး ကွင်းအတွင်း နေရာယူကြသည်။

ထို့နောက် ဘရူနိုင်းဒါရူဆလမ် ဘုရင့်လေတပ်မှ လေထီးတပ်ဖွဲ့ဝင် ၂၀ တို့က အခမ်းအနားကျင်းပရာ အမျိုးသားအားကစားရုံကွင်းလယ်သို့ နိုင်ငံတော်အလံကိုင်ဆောင်လျက်လေထီးအလှဆင်းပြရာ အခမ်းအနား တက်ရောက်သူ လူထုပရိသတ်က ဂုဏ်ပြုလက်ခုပ်များတီးကာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် အားပေးကြသည်။ ကျောင်းသား ကျောင်းသူ ၃၅၀ တို့ကလည်း ဖျော်ဖြေရေးစင်မြင့်မှ မျိုးချစ်စိတ်ဓာတ်သီချင်းများ သံပြိုင်သီဆိုကြသည်။

ယင်းနောက် အင်အား ၆၀၀၀ ပါဝင်သည့် ပန်းဖွားအက၊ ဓားသိုင်းအက၊ အားကစားစွမ်းအားပြ အစီအစဉ်များဖြင့် တစ်ခုပြီးတစ်ခု တင်ဆက်ကြသည်။ ကပြဖျော်ဖြေမှုများကို တက်ရောက်လာသူ ပရိသတ် ၂၅၀၀၀ ကျော်တို့က အားရကျေနပ်စွာ ကြည့်ရှုအားပေးကြသည်။ အဆိုပါအစီအစဉ်များထဲတွင် မီးသတ်ရဲဘော်များ၏ စက်တပ်လေထီး ပျံသန်းပြသမှုမှာ အခမ်းအနားတက်ရောက်လာသူ ပရိသတ်ကြီး အထူးစိတ်ဝင်စားသည့် ပြကွက်ဖြစ်သည်။ ဖျော်ဖြေမှုအစီအစဉ် တစ်ခုနှင့်တစ်ခုကြား၌ ကောင်းကင်တွင် မီးရှူးမီးပန်းများဖြင့်ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ယင်း အစီအစဉ်များအလယ်တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အိမ်ရှေ့မင်းသား ဒူလီယန်မဟာ မူလီယာပဒူကာဆရီဘာဂျင်ဒါ ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားက အမျိုးသားနေ့ သဝဏ်လွှာကိုဖတ်ကြားသည်။

ယခုနှစ် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ အမျိုးသားနေ့ဆောင်ပုဒ်မှာ နိုင်ငံတော်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ချမ်းသာ ကြွယ်ဝရေးနှင့်လွတ်လပ်မှုနှင့် အချုပ်အခြာပိုင်မှု ထိန်းသိမ်းရေးအတွက် မျိုးချစ်စိတ်ဓာတ် အရင်းတည်ရမည် ဟူ၍ဖြစ်သည်။ **(သတင်းစဉ်)**

ဘရူနိုင်း ဒါရူဆလမ် နိုင်ငံ၏ အကြိမ်(၂၀)မြောက် အမျိုးသားနေ့ အခမ်းအနားတွင် ဘရူနိုင်း ဒါရူဆလမ် နိုင်ငံ အကြီးအကဲ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာက ဘရူနိုင်း ဘုရင့် လက်နက်ကိုင်တပ်များနှင့် ဘရူနိုင်း ဘုရင့် ရဲတပ်ဖွဲ့တို့ ပါဝင်သော ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးစဉ်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် ရွှေလှေရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ **ရွှေဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အမှာစကားပြောကြား

ထို့နောက် ပဲခူးတိုင်း ကဝမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက် ပြီးစီးသွားသည့် ရွှေလှေရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် အဆိုပါ ရေထိန်းတံခါးအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြား သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ ပဲခူးတိုင်းအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရွှေလှေ ရေထိန်းတံခါးတည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းဦးစီးဌာန တည်ဆောက် ရေး(၆)မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ပဲခူးတိုင်း ကဝမြို့နယ်နှင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် တို့မှ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀၀၀ကျော် တက်ရောက်ကြသည်။

စတုတ္ထမြောက် ရေထိန်းတံခါးဖွင့်

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာ စကားပြောကြားရာတွင် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်အကြားက ကျယ်ပြော လှသည့် ရေကြီးရေနက်ကွင်းများကို စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် အဖိုးတန် လယ်မြေများအဖြစ် ဖော်ထုတ်ပေးနိုင်စေရန် ရေထိန်းတံခါးကြီးများကို နိုင်ငံတော်အစိုးရက စနစ်တကျ ဖြန့်ကြက် အကွက်ချတည်ဆောက်ပေး လျက်ရှိရာတွင် ယနေ့စတုတ္ထမြောက် ရေထိန်းတံခါးကြီးဖြစ်သည့် ရွှေလှေ ရေထိန်းတံခါးကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုလို ရေထိန်းတံခါးကြီးများ တစ်ခုပြီးတစ်ခု စီစဉ်တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ယခင်အခါက မိုးအခါမှာ ရေကြီးနစ်မြုပ်ပြီး နွေအခါမှာ ပင်လယ်ရေငန်ဝင်ရောက်သဖြင့် စိုက်ပျိုးမဖြစ်ထွန်းခဲ့သည့် ပဲခူး–စစ်တောင်းတူးမြောင်းဝဲယာတစ်လျှောက်က ရေနက်ကွင်းမြေများသည် ယခု ဆိုလျှင် နွေရော မိုးပါ စိုက်ပျိုးဖြစ်ထွန်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် လည်း ပဲခူးကွင်းထဲမှာ အဖိုးတန်လယ်မြေများအဖြစ် ပေါ်ထွန်းလာခဲ့ပြီဖြစ်၍ ဒေသခံတောင်သူလယ်သမားကြီးများအတွက် အကျိုးကျေးဇူးများစွာ ပွားများ ဖြစ်ထွန်းစေမှာဖြစ်သည့်အပြင် နိုင်ငံတော်အတွက် ရိက္ခာဖူလုံရေးကို အထောက် အကူပြုလာမှာဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အလွန်တရာမှ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်ဟု ပြောကြားလိုကြောင်း။

အဖိုးတန်အရင်းအမြစ်

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများ စားဝတ်နေရေးပြည့်စုံဖူလုံစေ ရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသည့် အမျိုးသားရေးအနှစ်သာရရှိသော အဖိုးတန် အရင်းအမြစ် တစ်ခုဖြစ်ကြောင်း။

ဒေသတစ်ခုချင်းအနေဖြင့် ကြည့်လျှင်လည်း စိုက်ပျိုးရေးလုပ်ငန်း သည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံ ပြည့်စုံရေး၊ ဒေသ၏စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးနှင့် ဒေသခံတောင်သူလယ်သမားပြည်သူများ၏ လူနေမှု ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အဓိကဖော်ဆောင်ပေးနေ သည့် အခြေခံကောင်းတစ်ခုလည်း ဖြစ်ကြောင်း။

မြှင့်တင်ဆောင်ရွက်နေ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီး နိုင်ငံတကာအလယ်မှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရေးအတွက် တိုင်းတစ်ပါး၏ အမှီအခို ကင်းရှင်း စွာဖြင့် အမျိုးသားစီးပွားရေးဘဝ ထူထောင်နိုင်စေရအောင်၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် စီးပွားရေးအခြေခံများ ဖြစ်ထွန်း လာစေရအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိရာမှာ မိမိတို့၏ ကိုယ်ပိုင် ရေမြေသယံဇာတနှင့် အမျိုးသားရေးစွမ်းအားတို့ကိုအခြေခံသည့် စိုက်ပျိုးရေး ကဏ္ဍကို အဓိကအားထားပြီး မြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်အစိုးရ၏ စီးပွားရေးဆိုင်ရာမူဝါဒများကိုကြည့် မည်ဆိုလျှင် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ တော်ကြီးဖြစ်ထွန်းလာစေရေးအတွက် စက်မှုအခြေခံသော စိုက်ပျိုးရေးလုပ် ငန်းများဖြစ်ထွန်းလာအောင် ပထမအဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက် နေတာကို တွေ့ကြရမှာဖြစ်ကြောင်း။

နည်းလမ်းကောင်း

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှာ ရေမြေသဘာဝရာသီဥတုကို လုံးဝဥသုံမှီခိုအားထားပြီး မိရိုးဖလာနည်းလမ်းများဖြင့် စိုက်ပျိုးနေမှုများအစား ရေမြေသဘာဝရာသီဥတုကို အကျိုးကျေးဇူး အဖြစ်ထွန်းနိုင်ဆုံးဖြစ်အောင် ခေတ်မီနည်းပညာရပ်များဖြင့် ပြုပြင်ဖန်တီးပေးခြင်းအားဖြင့် သီးနှံစိုက် စွမ်းအား တိုးတက်မြင့်မားစေရန်၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးချနိုင်စေရန်၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ပေါင်းစပ်အသုံးပြုပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ် နိုင်မှုစွမ်းအားကို မြှင့်တင်ပေးရန်ဆိုသည့် နည်းလမ်းကောင်းများဖြင့် စနစ်တကျ စီမံဆောင်ရွက် ပေးလျက်ရှိကြောင်း။

အမျိုးသားစီးပွားရေးဘဝမှာ အခြေခံအကျဆုံးဖြစ်သော စိုက်ပျိုးရေး ကဏ္ဍအောင်မြင်ဖြစ်ထွန်းသည်နှင့်အမျှ နိုင်ငံတော်အစိုးရက ကြိုးပမ်းတည် ဆောက်ပေးနေသည့် အခြားသော စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံများသည်လည်း ရည်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းလာမည် ဆိုသည့် ခံယူချက်ဖြင့် ယခုလို စိုက်ပျိုးရေးကဏ္ဍမှာအလေး ထားဦးစားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စီမံကိန်းချမှတ်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် စည်းလုံးညီညွတ်ခိုင်မာသော ပြည်ထောင်စုကြီးအဖြစ်အစဉ်ထာဝရတည်တံ့ ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုး တိုးတက်စေရအောင်၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများမှာ ဖြန့်ကြက်မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး စီးပွားရေး ဘဝ၊ လူမှုရေးဘဝတိုးတက်မြင့်မားစေရအောင် စနစ်တကျ စီမံချက်များ ချမှတ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ တော်၏ အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါး၊ သစ်တော၊ စွမ်းအင်စသည့် သယံဇာတများကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စီးပွား ကုန်သွယ်မှုလုပ်ငန်းများစသည့် စီးပွားရေး အခြေခံကောင်းတွေကို ဖြစ်ထွန်း နိုင်သမျှ နေရာဒေသများမှာ တစ်နိုင်ငံလုံး ဖြန့်ကြက် ထူထောင်ပေးလျက်ရှိ သလို လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ စသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း အချက် အချာကျသည့် နေရာဒေသတိုင်းမှာ ဒေသလိုအပ်ချက်များနှင့်အညီ နိုင်ငံတော်က ငွေကုန်ကြေးကျ အမြောက်အမြား ကုန်ကျခံကာအကွက်ချ စီစဉ်တည်ဆောက် ပေးလျက်ရှိကြောင်း။

ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် လူမှုရေးအခြေခံ ကောင်းများကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတိုင်းမှာ ပျံ့နှံ့ဖြစ်ထွန်းနေစေရအောင် ဖြည့်ဆည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရေထိန်းတံခါးကြီးများပေါ်ထွန်း

ယခုလို ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ဒေသ လိုအပ်ချက်များ၊ ဒေသ၏ ဖြစ်ထွန်းနိုင်မှုအလားအလာများနှင့်အညီစနစ်တကျ ဖော်ထုတ်ပြီး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိခြင်းကြောင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍမှာ များစွာအားထားရသည့် ပဲခူးတိုင်းအတွက် အခြားသောဒေသဖွံ့ဖြိုးရေး စီမံကိန်းများနည်းတူ ဆည်မြောင်း တာတမံများနှင့် ရေထိန်းတံခါးကြီးများသည် အစီအရီ ပေါ်ထွန်းလာခြင်းဖြစ် ကြောင်း။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှသည် ယနေ့အထိ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတာတမံပေါင်း ၁၅၇ ခုမှာ ပဲခူးတိုင်းအနေဖြင့် ယနေ့ဖွင့်လှစ်သည့် ရွှေလှေ ရေထိန်း တံခါး အပါအဝင် ဆည်မြောင်း တာတမံပေါင်း ၃၉ ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်တာ တွေ့ကြရမှာဖြစ်ကြောင်း။

ငွေကြေးအနေဖြင့်ကြည့်လျှင်လည်း တစ်နိုင်ငံလုံးရှိ ဆည်မြောင်း တာတမံ ပေါင်း ၁၅၇ ခုအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၆၈,၈၀၀ ကျော် ကျခံသုံးစွဲခဲ့ရာမှာ ပဲခူးတိုင်းက ဆည်တမံ ၃၉ ခုအတွက် ငွေကျပ်သန်းပေါင်း ၂၃၈၀၀ နီးပါး ပါဝင်တာ တွေ့ကြရမှာဖြစ်ကြောင်း။

ကုန်ကျစရိတ်များပြား

ပဲခူးတိုင်းသည် တောတောင် ထူထပ်ပြီး ချောင်းမြောင်းပေါများသည့် အပြင် ပင်လယ်နှင့် ဆက်စပ်နေသည့် ဒေသဖြစ်သည့်အတွက် ဆည်မြောင်း တာတမံ အကြီးစားကြီးများ တည်ဆောက်၍ မရနိုင်ခြင်းကြောင့် နိုင်ငံတော် အနေဖြင့် ဆည်တမံ အလတ်စား၊ အငယ်စားများ များစွာကို စုဖွဲ့တည်ဆောက် ပေးရခြင်းဖြစ်ကြောင်း၊ ယခုလို စုဖွဲ့တည်ဆောက်ပေးရတာကြောင့် ဆည်မြောင်း အကြီးစားကြီးများ တည်ဆောက်ရမှုထက် ကုန်ကျစရိတ်မှာ ပိုမိုများပြားစွာ သုံးစွဲခဲ့ရကြောင်း။

ယနေ့ဖွင့်လှစ်သည့် လယ်မြေဧက ၃၀၀၀၀ အကျိုးပြုမည့် ရွှေလှေ ရေထိန်းတံခါးအပါအဝင် လယ်မြေဧက ၂၅၀၀၀ အကျိုးပြုသည့် ဝေါမြို့နယ်က ရှမ်းကိုင်းရေထိန်း တံခါး၊ လယ်မြေဧက ၃၀၀၀၀ အကျိုးပြုသည့် ကဝမြို့နယ်က ပိုင်ကျုံ ရေထိန်းတံခါး လယ်မြေဧက ၃၂၀၀၀ အကျိုးပြုသည့် သနပ်ပင်မြို့နယ်က တာဝရေထိန်းတံခါးတို့သည်လည်း ပဲခူးတိုင်း ပဂိုင် တာတောင်ပိုင်း၊ ပဲခူး–စစ်တောင်း တူးမြောင်းဝန်းကျင်က မိုးရာသီမှာ ရေကြီးနစ်မြုပ်သည့် ဧကသိန်းကျော်သည့် ရေနက်ကွင်းမြေများကို စိုက် ပျိုးရေးဖြစ်ထွန်းသည့် အဖိုးတန် လယ်မြေများဖြစ်လာအောင် ပြုပြင်ပေးနိုင် ခဲ့သည့်အတွက် ပဲခူးတိုင်းသည် ဧရာဝတီတိုင်းကဲ့သို့ နိုင်ငံတော်၏ စပါးကျီ သဖွယ်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သော ရွှေလှေရေထိန်းတံခါးကြီးသည် ပဲခူးတိုင်း နှင့် ရန်ကုန်တိုင်းဆက်စပ်ရာ နယ်မြေတွင် တည်ရှိပြီး ပဲခူးတိုင်း ကဝမြို့နယ်နှင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ်တို့ကို တိုက်ရိုက်အကျိုးပြုမှာဖြစ်ကြောင်း။

အရေးပါသည့်ရေထိန်းတံခါး

ဒါ့အပြင် ဤရွှေလှေရေထိန်းတံခါးကြီးသည် ရန်ကုန်မြို့မိုင် ၃၀ ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေး၊ အထူးသဖြင့် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့နယ်မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးကိုလည်း ဆက်စပ်အထောက်အကူပြုမှာ ဖြစ်သည့်အတွက်အရေးပါသည့် ရေထိန်းတံခါးကြီးတစ်ခုဖြစ်ကြောင်း။

ရန်ကုန်မြို့တော်မိုင် ၃၀ ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးအရ ရန်ကုန်တိုင်းရှိ မြို့နယ်များအတွက် စိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်ရာ၌ ပဲခူးတိုင်းအတွင်းရှိ မိုးယွန်းကြီးအင်းတွင် ရေသိုလှောင် ပြီး ယင်းရေများကို တူးမြောင်းရှည်ကြီးဖြင့် ခရမ်း၊ သုံးခွ၊ သန်လျင်၊

ကျောက်တန်းဒေသများသို့ရောက်အောင် သွယ်ယူပြီး စိုက်ပျိုးရေပေးဝေရန် စီမံဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

စိုက်ပျိုးရေပေးဝေ

ယင်းရေပေးဝေရေးစနစ်အရ ပထမအဆင့်အနေဖြင့် ခရမ်းမြို့နယ်သည် ပထမဆုံးအကျိုးရရှိ ခံစားနိုင်မှာဖြစ်ကြောင်း၊ ခရမ်းချောင်းကို ရေထိန်းတံခါးဖြင့် ပိတ်ကာ မိုးယွန်းကြီးအင်းမှ တူးမြောင်းရှည်ကြီးဖြင့် သယ်ယူလာသောရေများကို ခရမ်းချောင်းသို့ ပေးသွင်းသိုလှောင်ပြီး ရေသွယ်တူးမြောင်းများဖြင့် ခရမ်းမြို့နယ် အတွင်း စိုက်ပျိုးရေပေးဝေသွားမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ဖွင့်လှစ်သည့် ရွှေလေ့ရေထိန်းတံခါးသည် ကဝ မြို့နယ်နှင့် ခရမ်းမြို့နယ်အတွက် အကျိုးဖြစ်ထွန်းစေသည်သာမက ရန်ကုန်မြို့တော်ဝန်းကျင်မိုင်၃၀ ဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးအတွက်ပါ အထောက်အကူဖြစ်စေမှာဖြစ်သဖြင့် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ တောင်သူလယ်သမားများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည့် အကြီးဆုံး ရေထိန်းတံခါးကြီးဖြစ်ကြောင်း။

စားနပ်ရိက္ခာထုတ်ပေး

ထို့ကြောင့် ယခုဆိုလျှင် တည် ဆောက်ပေးခဲ့ပြီးဖြစ်သည့် ရေထိန်းတံခါးကြီးများပေါင်းစပ်ပြီး ပဲခူး–စစ်တောင်းတူးမြောင်းဝဲယာရှိ ယခင်က ရေနက်ကွင်းများအတွင်း မြစ်ရေကျချိန်များမှာ ရေထုတ်နုတ်ပေးရန်၊ မြစ်ရေတက်ချိန်မှာမြစ်ရေမဝင်အောင်၊ မိုးနှောင်းကာလမှာ ရေချိုသိုလှောင်နိုင်အောင် ထိန်းသိမ်းပေးရန်၊ နွေရာသီမှာ ဆားငန်ရေနှင့် သဲနုန်းများမဝင်ရောက်အောင် တားဆီးပေးရန်စသည့် မြေယာပြုပြင်မြှင့်တင်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်တော့မှာဖြစ်တာကြောင့် ဤဒေသအတွင်း ဧကသိန်းချီပြီး ကျယ်ပြန့်သည့် အဖိုးတန်လယ်မြေများကနေ ရိက္ခာများ အလုံအလောက် ထုတ်လုပ်ပေးနိုင်တော့မှာဖြစ်ကြောင်း။

ထို့အပြင် ယနေ့ဖွင့်လှစ်သည့် ရွှေလေ့ရေထိန်းတံခါးကြီးသည်လည်း ပဲခူးတိုင်း ကဝမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀၀၀၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၅၀၀၀ စုစုပေါင်းလယ်မြေဧက ၃၅၀၀၀ကို အကျိုးပြုမှာဖြစ်တာကြောင့် မြို့နယ်နှစ်ခုအတွင်းက တောင်သူလယ်သမားများ အတွက်သာမက ပဲခူးတိုင်းနှင့်ရန်ကုန်တိုင်းအတွက်ပါ လက်တွေ့အကျိုးပွားများ စေမည့် အစီအမံတစ်ရပ်ပင်ဖြစ်ကြောင်း။

ယခုလို တောင်သူလယ်သမားကြီးများအတွက် လက်တွေ့အကျိုး ဖြစ်ထွန်းစေမည့်အစီအမံများကို စနစ်တကျ ဖန်တီးဖော်ဆောင်ပေးနေခြင်းသည် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး စီးပွားရေး၊ လူမှုရေး အခြေခံများ ပြည့်ပြည့်ဝဝဖြစ်ထွန်းလာမှုနှင့်အတူသာယာချမ်းမြေ့သောလူမှုဘဝကိုထူထောင်နိုင် စေရမည်ဆိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်မွန်မြတ်သောစေတနာက ပေါက်ဖွား လာသည့် အကျိုးတူရလဒ်ကောင်းများပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဝီရိယစိုက်ကြိုးပမ်း

တောင်သူလယ်သမားကြီးများကလည်း နိုင်ငံတော်အစိုးရ၏ မွန်မြတ်တာတမံများ၊ ရေထိန်းတံခါးကြီးများစသည့် စိုက်ပျိုးရေးဆိုင်ရာအခြေခံ အဆောက်အအုံများတည်ဆောက်ပေးမှုများကို တောင်သူလယ်သမားကြီးများ၏ အကျိုးကိုရှေးရှုပြီး ဆက်လက်စီမံဆောင်ရွက်ပေးသွားမှာပဲဖြစ်ကြောင်း။

တောင်သူလယ်သမားများဘက်ကလည်း မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး မိမိတို့၏စီးပွားရေးဘဝ၊ လူမှုရေးဘဝတိုးတက်မြင့်မားစေရေးအပြင် နိုင်ငံတော်၏စီးပွားရေးတိုးပွားခိုင်မာစေရေး၊ တည်ငြိမ်ပြီး ရေရှည်အကျိုးရှိမည့်ညီညွတ်မျှတသော ဆန်စပါးဈေးကွက်ဖြစ်ထွန်းစေရေးတို့ကို ရည်မှန်းပြီးကြိုးပမ်းဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေလေ့ရေထိန်းတံခါးကြီးက ဖန်တီးဖော်ဆောင်ပေးမည့်စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းမှု အလားအလာကောင်းများကို ထိရောက်အကျိုးရှိစွာအသုံးပြုပြီး မိမိတို့၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ မြင့်မားသည်ထက်မြင့်မားလာရအောင် ဒေသခံပြည်သူများအားလုံးက လုံ့လ၊ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး အတွက် နိုင်ငံတော်အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ လက်တွဲပူးပေါင်းပြီး စိုက်ပျိုးရေးစွမ်းအားကို မြှင့်တင်ပေးကြပါ၊**
- **နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ၊ ရလဒ်ကောင်းများ၊ အမွေခံကောင်းများကို ရေရှည်တည်တံ့နိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြပါ၊**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက်လည်း မိမိတို့အပိုင်းက ကျရာတာဝန်ကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟုတိုက်တွန်းမှာကြားသည်။

ရေရှည်ဖွံ့ဖြိုးရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းပြောကြားရာတွင်မိမိတို့ တိုင်းပြည်၏ စီးပွားရေးမှာ ပစ္စုပ္ပန်အနေအထားတွင်သာမကဘဲ အနာဂတ်ကာလအထိ ရေရှည်မျှော်ကိုးအားပြုရမည့် လုပ်ငန်းကြီးအဖြစ်ဖြင့် လယ်ယာစိုက်ပျိုးမှု ကုန်ထုတ်လုပ်ငန်းကြီးက အထင်အရှား ရပ်တည်ထားတာ အားလုံးသိရှိကြကြောင်း။ နိုင်ငံ၏ ထူးခြားသော ပထဝီသွင်ပြင်များနှင့် နိုင်ငံအဝန်း ပျံ့နှံ့တည်ရှိနေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးအကျိုးခံစားနေရအောင် ပြည်နယ်၊ တိုင်းဒေသအနှံ့မှာ ရေခံ၊ မြေခံများနှင့် ဆီလျော်ညီညွတ်မည့် စိုက်ပျိုးရေး အခြေခံအဆောက်အအုံတွေ ဖြည့်ဆည်းပေးပြီး လယ်ယာကုန်ထုတ်လုပ်မှုတွေ တိုးတက်ဖို့အပြင် ဒေသနှင့်သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး လူမှုစီးပွား အကျိုးတရားတွေ တိုးပွားခံစားနိုင်ရေးတို့ကို ရှေးရှုပြီး ယခုလို ရေထိန်းတံခါး စီမံကိန်းကြီးများနှင့် ဆည်တမံ၊ မြစ်ရေတင် စီမံကိန်းများ ဆင့်ကဲဖြစ်တည်

စီးပွားကူးသန်း ရေသိုလှောင်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝ မြို့နယ် ရွှေလေ့ ရေထိန်း တံခါး တည်ဆောက်ရေးတွင် ပါဝင်ခဲ့သော ဆည်မြောင်းဦးစီးဌာနမှ စက်မှုဝန်ထမ်းများ ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး (စက်မှု) ဦးရွှေကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းအတွင်း ရိုးမက စီးဆင်းလာသည့် ဘိုင်းဒါး၊ ကောလိယ၊ ရဲနွယ်တို့က ချပေးမည့်ရေများကို မိုးယွန်းကြီးရေလှောင်ကန်ကြီးက သိုလှောင်ပြီး ရွှေလေ့ရေထိန်းတံခါးနှင့် ထိန်းသိမ်းလွှတ်ပေးနိုင်တော့မှာမို့ ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးအတွက် သန်လျင်၊ ခရမ်းဒေသများ၏ သီးနှံစိုက်ပျိုးရေးကိုပါ အကျိုးပြုစေနိုင်မှာဖြစ်ကြောင်း။

ဘက်စုံအသုံးဝင်

ဒေသအတွင်း လယ်ယာထွက်ကုန်တွေ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည့် ရေဝင်ရေထွက် အဆောက်အအုံကိုပါ ယှဉ်တွဲဖန်တီးပေးထားတာကြောင့်လည်း ဤဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရွှေလေ့ရေထိန်းတံခါးကြီးသည် ဘက်စုံအသုံးဝင်မည့် လယ်ယာအခြေခံဖွံ့ဖြိုးမှု အဆောက်အအုံတစ်ခု ဖြစ်ကြောင်း။

ပဲခူးတိုင်းသည် မြန်မာနိုင်ငံအောက်ပိုင်းဒေသမှာ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းအတွက် အားကိုးအားထားပြုရသည့် ဒေသကြီး ဖြစ်ကြောင်း၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းအတွက် ဝါ၊ ကြံ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော်အပြင် နိုင်ငံ့ဝင်ငွေတိုးတက်ဖြည့်ဆည်းနိုင်မည့် သီးနှံတွေအစုံအညီ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေခံမြေခံ ကောင်းတွေ ဖြစ်ထွန်းတည်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အလယ်ရိုးမကို မှီတွယ်ပြီး ဖြစ်ထွန်းတည်ရှိနေသည့် မြစ်ချောင်းတွေကို အဆင့်ဆင့် စူးစမ်းလေ့လာပြီး ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါး စီမံကိန်းတွေကို တည်ဆောက်ပေးခဲ့သလို ဆက်လက်ပြီး စိုက်ပျိုးရေအတွက်တွင်မဟုတ်ဘဲ ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်ပေးနိုင်မည့် ရဲနွယ်၊ ဖြူးချောင်း၊ ခပေါင်း ဘက်စုံ ဆည်မြောင်း စီမံကိန်းတွေကိုလည်း စီမံအကောင်အထည်ဖော်ပေးနေကြောင်း။

ကြိုးပမ်းလုပ်ဆောင်

ယခုဆိုလျှင် ဤဒေသတွင် ရှမ်းကိုင်း၊ ပိုင်ကျုံ၊ တာဝရေတံခါးကြီးများနှင့်အတူ ရွှေလေ့ရေထိန်းတံခါးကြီး ဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ ယခုလိုဖြစ်ထွန်းတည်ရှိလာသည့် အခြေခံစွမ်းအားစုများကို အမိအရအသုံးချပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်လာအောင်၊ နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်ဝအောင်မြင်လာအောင် လယ်ယာကုန်ထုတ်လုပ်ငန်းကြီး ပိုမိုတိုးတက်စေရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားကြရန် ပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ကဝမြို့နယ် ရွှေလေ့ ရေထိန်း တံခါးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

သန့်စင်သော စေတနာစိတ်ထားကိုသိမြင်ပြီး မိမိတို့ပြည်သူများအပိုင်းက ဆောင်ရွက်ပေးရမည့်တာဝန်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်၊ ကျေးလက်စီးပွားရေးဘဝ တိုးတက်ခိုင်မာမှုမှတစ်ဆင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းအောင် ဝီရိယအားပိုမိုစိုက်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ၏ အကျိုးစီးပွားသက်သက်ကိုသာဦးတည်ပြီး ယခင်အခါက တောင်သူလယ်သမားကြီးများအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေခဲ့သည့် တာဝန်ကျေစပါးရောင်းချရမှုစနစ်ကို ဖျက်သိမ်းပြီး လွတ်လပ်စွာဆန်စပါးရောင်းဝယ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိခြင်းဖြစ်ကြောင်း။

ယခုလို လွတ်လပ်စွာ ဆန်စပါးရောင်းဝယ်ဖောက်ကားမှုဖြစ်ထွန်းလာသည့် အချိန်အခါမှာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ယှဉ်ပြိုင်ရောင်းချနိုင်စေရေးအတွက် မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် ဆန်စပါးများအရည်အသွေးမြင့်မားစေရန်၊ အထွက်နှုန်းကောင်းမွန်ပြီး အလေအလွင့်နည်းပါးစေရန် စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

လယ်သမားအကျိုးရှေးရှု

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများအတွက် ပံ့ပိုးမှုများဖြစ်သည့် ဒေသအလိုက်အကျိုးကျေးဇူး အဖြစ်ထွန်းနိုင်ဆုံးဖြစ်မည့် မျိုးကောင်း မျိုးသန့်များဖော်ထုတ်ရွေးချယ်ပေးမှု၊ သင့်လျော်သော ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများပေါင်းစပ်အသုံးပြုနိုင်အောင်နည်းလမ်းများပေးမှု၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ဖြန့်ဖြူးပေးမှုတို့အပြင် ယခုလို ဆည်မြောင်း၊ လာရအောင် အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း။

နိုင်ငံနှင့်အဝန်း လယ်ယာမြေဧက နှစ်သန်းကျော်ကို ဆယ်စုနှစ်သာသာ ကာလအတွင်း အကျိုးခံစားနိုင်ရအောင် ငွေကျပ်သန်းပေါင်း ခြောက်သောင်းကိုးထောင်ခန့် အရင်းအနှီးပြုပြီး ဆည်တမံရေရရှိရေးနှင့် ရေဘေးကာကွယ်ရေး စီမံကိန်းတွေ တည်ဆောက်လုပ်ကိုင်ခဲ့ရာမှာ ယခု ပဲခူးတိုင်းအတွင်းမှာလည်း တည်ဆောက်ပြီးခဲ့သည့် ဆည်တမံ ရေထိန်းတံခါး စီမံကိန်းလုပ်ငန်း ၃၉ခုက လယ်ယာမြေဧက ခြောက်သိန်းနှစ်သောင်းငါးထောင်ခန့်ကို သီးနှံတွေ အောင်အောင်မြင်မြင်နှင့် သီးထပ်သီးညှပ်တွေ တိုးတက်စိုက်ပျိုးလာနိုင်ဖို့ အထောက်အကူပြုနေပြီဖြစ်ကြောင်း။

အကြီးဆုံးရေထိန်းတံခါး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် အောက်ပြည်အောက်ရပ်က လယ်ယာမြေ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးတွေ တည်ဆောက်လုပ်ကိုင်ပေးနေသည့်အနက် ယခုရွှေလေ့ရေထိန်းတံခါး စီမံကိန်းသည် မြန်မာနိုင်ငံမှာ လက်ရှိအကြီးဆုံးသော ရေထိန်းတံခါးကြီးဖြစ်ကြောင်း။

ကဝမြို့နယ်အတွင်း ဆည်မချောင်းနှင့် ပဲခူးမြစ်ဆုံရာ ရွှေလေ့ရွာအနီးမှာ ၆ ပေ၊ ၁၆ ပေ အကျယ်၊ အပေါက် ၄၀ပါ ကွန်ကရစ်ရေထုတ်၊ ရေထိန်းတံခါးကြီးနဲ့ ၂၂ပေအကျယ် ကွန်ကရစ်ရေယာဉ် ဝင်ထွက်တံခါးကို တည်ဆောက်ပြီး မိုးရာသီ ကွင်းတွေအထဲစီးဝင်လာမည့် ရေပိုရေလျှံများကို ပဲခူးမြစ်ရေကျချိန်တိုင်း ရေထုတ်ပေးနိုင်ဖို့အပြင် မြစ်ရေတက်ချိန်များမှာလည်း ကွင်းများအတွင်း မြစ်ရေဝင်ရောက်မှုကို အကာအကွယ်ပေးသွားနိုင်ဖို့ ယခုရွှေလေ့ရေထိန်းတံခါးကို အကောင်အထည်ဖော်ခဲ့တာဖြစ်ကြောင်း။

မြန်မာ့ရုပ်မြင်သံကြား

၂၉–၂–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း၊

၇:၀၀ ၁။ အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say It In English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ဘော်ဘင်ရေလှောင်တမံ
၁၁:၄၀ ၄။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၅၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း–၂၀)
၁၂:၂၀ ၆။ Milo Success In Soccer
၁၂:၃၀ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်ထပ်ညွှန်းကိန်းများ"** (ဝေဠုကျော်၊ လှအဥ္ဇလီတင့်၊ မျိုးစန္ဒီကျော်၊ စမိုင်းလ်) (ဒါရိုက်တာ–မောင်နန္ဒ)
၁၄:၃၀ ၈။ မအီချောင်းတံတား
၁၄:၄၅ ၉။ International News.
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၄၀ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၇:၄၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း–၂၃)
၁၉:၃၅ ၁၃။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၄။ ဘိုင်းဒါးဟင်းသီးဟင်းရွက် အထူးဇုန်စိုက်ခင်း
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"မိုးစက်တစ်ပွင့်"** (အပိုင်း–၂) (နိုင်းနိုင်း၊ ထက်ထက်မိုးဦး) ဒါရိုက်တာ–မောင်မောင်ဦး (စနိုးပိုက်)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုအစွန့်ရှည်ရေးတာဝန် သွေးအသက်နှင်းဆက်ကျေပွန်

မြန်မာ့ပထဝီသဘာဝအရ ဖြစ်ထွန်းလျက်ရှိသော အနောက်ရိုးမတောင်တန်း၊ အလယ်ရိုးမတောင်တန်း၊ အရှေ့ရိုးမတောင်တန်း၊ တနင်္သာရီရိုးမတောင်တန်းစသော တောင်တန်းကြီးများသည် မြန်မာနိုင်ငံ၏ ရာသီဥတုကို မျှတစေခြင်း၊ ဆိုးရွားသောရာသီဥတု မဝင်ရောက်ရန် ကာကွယ်ပေးခြင်း၊ လိုအပ်သည့်အချိန်၌ လိုအပ်သောမိုးကို ရွာသွန်းစေခြင်းစသည့် တာဝန်ကို ထမ်းဆောင်ပေး၏။ ဧရာဝတီ၊ စစ်တောင်း၊ ချင်းတွင်း၊ သံလွင်စသော မြစ်တို့သည်လည်းကောင်း၊ ပင်လယ်ပြင်သည်လည်းကောင်း လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ရေသယံဇာတထွက်ရှိရေး စသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်လေ၏။ တောင်တန်းနှင့်မြစ်ဝှမ်းတို့တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ကူးလူးဆက်ဆံ၍ တစ်ဦးနှင့်တစ်ဦးအမှီပြု၍ ဖြစ်ထွန်းခဲ့ကြ၏။ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ပေါင်းစည်းဝပြောခြင်းတို့အား ထိပါးလာသော တိုင်းတစ်ပါးနယ်ချဲ့ရန်ကို တောင်သို့ပမာ မြစ်သို့အသွင် ပင်လယ်အလား ပြည်ထောင်စုဖွား တိုင်းရင်းသားတို့က နိုင်ငံ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ အသက်ပေးကာကွယ်ကြလေသည်။

၁၈၂၀ပြည့်နှစ်တွင် အာသံမှ စန္ဒရကန္တ ရှိန်သည် နယ်ချဲ့ဗြိတိသျှတို့၏ မြှောက်ပင့်ပေးမှုကြောင့် မြန်မာဘုရင်အား ထောင်ထားခြားနားခဲ့ရာ စစ်သူကြီး မဟာဗန္ဓုလကွပ်ကဲသော မြန်မာစစ်သည်၇၀၀၀တို့ သွားရောက်နှိမ်နင်းရလေသည်။ ဤသို့ချီတက်ရာ၌ မဟာဗန္ဓုလ ဦးဆောင်သောတပ်များ မိုးကောင်းအရောက်တွင် ကချင်သိန်းဖောတို့နေသည့်ဒေသမှ တောင်စားစော်ဘွားတို့က အမှုတော်ထမ်းခွင့် တောင်းခံခဲ့ကြသည်။ တောင်စားဗိုလ်နေမျိုးသိန်ပရာဇာနှင့် ကချင်ဂျိန်းဖောရဲမက်တော် ၁၀၀၀ခန့် ပူးပေါင်းပါဝင် ချီတက်တိုက်ခိုက်ခဲ့ကြောင်း သုသောသိတ မဟာရာဇဝင်တော်ကြီး ပဉ္စမတွဲ၌ ပါရှိပေသည်။

ထိုစဉ်က စစ်သူကြီးမဟာဗန္ဓုလနှင့်အတူ အာသံသို့ လိုက်ပါအမှုထမ်းခဲ့သော ကချင်တိုင်းရင်းသား ရဲမက်တို့ကို နေမျိုးသိန်ပရာဇာဘွဲ့ခံ ဒိုင်ပါဂမ်၊ ရှရော့လ၊ ကက်ဆန်တန်၊ လဝမ်ဇော်လီ၊ လော့အွမ်ဇော်ရီ၊ အင်ဒိန်လော့ဆွမ်ဒူ၊ ဇော်ဂျာမဒေါဖြီနှင့် လော့ခွမ်ဇော်တောင်တို့က ဦးဆောင်ခဲ့သည်ဟု မှတ်သားရလေသည်။

ဤသို့ဖြင့် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ မတိုင်မီကပင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးသူများအား ပူးပေါင်းတွန်းလှန်သော တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကို စတင်ခဲ့ကြလေသည်။

၁၈၂၄ခုနှစ် မတ်လ၅ရက်နေ့တွင် ဗြိတိသျှတို့သည် မြန်မာတို့အား စစ်ကြေညာကာ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲကို စတင်ခဲ့သည်။ ဗြိတိသျှတို့ဘက်မှ ဂျင်နရယ်မောရစ်ဆင်နှင့် ဆာအာချီဘောကင်းဘဲလ် ခေါင်းဆောင်သည့် အင်အား ၉၃၄၃ဦးနှင့် ရေတပ်သင်္ဘောဆယ်စင်း၊ တိုက်ရေယာဉ်ရှစ်စုနှင့် စစ်မျက်နှာဖွင့်ခဲ့သည်။ ပန်းဝါတိုက်ပွဲတွင် မြန်မာတိုင်းရင်းသားတို့ အောင်ပွဲခံနေစဉ် ဆာအာချီဘောကင်းဘဲလ် ခေါင်းဆောင်သော ဗြိတိသျှရေတပ်က ရန်ကုန်ကို ချီတက်ခဲ့သည်။

အင်းဝနေပြည်တော်က ဧရာဝတီမြစ်ဘက်သို့ စစ်ကြောင်းဖြန့်ချီရန် မဟာဗန္ဓုလကိုဆင့်ခေါ်ရာ မဟာဗန္ဓုလ၏ တပ်များမရောက်မီ ဗြိတိသျှတို့က ရန်ကုန်ကိုသိမ်းပိုက်ခဲ့ကြပြီး မဟာဗန္ဓုလနှင့် ရင်ဆိုင်ရန် ဘင်္ဂလား၊ ဟိုင်းကြီးကျွန်း၊ မာန်အောင်ကျွန်းတို့မှတပ်များကို ကြိုတင်ဆင့်ခေါ်ထားခဲ့သည်။ စစ်သူကြီးမဟာဗန္ဓုလဦးဆောင်သော မြန်မာ့တပ်မတော်သည် ဗြိတိသျှတို့ အထက်မြန်မာပြည်ကို မချီတက်နိုင်ရန် အချက်အချာကျသည့် ဓနုဖြူတွင် ခံစစ်ပြင်ခဲ့သည်။

၁၈၂၅ ခုနှစ် မတ်လ၇ရက်နေ့တွင် ဗြိတိသျှတို့က ဓနုဖြူကို စတင်တိုက်သည်။ ဓနုဖြူတိုက်ပွဲတွင် ဗြိတိသျှကပ္ပတိန်ရို့စ်နှင့် ကပ္ပတိန်ကင်နွန်တို့ ကျဆုံးခဲ့သည်။ ဓနုဖြူတိုက်ပွဲတွင် ဓနုဖြူအရှေ့နှင့် အနောက်ဘက်ရှိ အလမျိုးချောင်းဖျား၊ သဘောသဖြုကျေးရွာများမှ ကရင်တိုင်းရင်းသားများသည်လည်း ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်ကြပြီး ကရင်တိုင်းရင်းသားခေါင်းဆောင် ဗိုလ်လန်မှာ မဟာဗန္ဓုလတပ်တွင် အားကိုးအားထားပြုရသော တပ်မှူးတစ်ဦးဖြစ်ခဲ့သည်။

အင်အားချင်းမမျှ၍ ၁၈၂၅ ခုနှစ် ဧပြီလ၂ရက်နေ့တွင် ဓနုဖြူခံတပ် ကျဆုံးခဲ့သော်လည်း ကရင်တိုင်းရင်းသား အင်အားစုများကို ရွှေလုံဗိုလ်နှင့် ကရင်တိုင်းရင်းသား မန်းကျားကြီးတို့က ဦးဆောင်ကာ ဓနုဖြူခံတပ်ကို ပြန်တိုက်ခဲ့ကြသေးသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဗြိတိသျှဆန့်ကျင်ရေး တိုက်ပွဲများ ပြင်းထန်နေစဉ် ဟံသာဝတီခရိုင်တွင်လည်း ကရင်နှင့် ဗမာတိုင်းရင်းသားများက ဗြိတိသျှဆန့်ကျင်ရေးတိုက်ပွဲများကို ပြောက်ကျားဆင်နွှဲခဲ့သည်။ ဗြိတိသျှတပ်များသည် မြန်မာပြည်အလယ်ပိုင်းသို့ ကြည်းကြောင်း၊ ရေကြောင်း စစ်နှစ်ကြောင်းဖြင့် ဆက်လက်ချီတက်ခဲ့သည်။ ဘကြီးတော်မင်းတရားက ညီတော်မိုးနဲဗိုလ်မှူး ဒွါရဝတီမင်းသား သီရိမဟာဓမ္မရာဇာကို ဦးစီးချီတက်စေသည်။

မိုးနဲမင်းသားတပ်မှ မဟာနေမျိုးသည် မိမိတပ်အပြင် ရှမ်းစော်ဘွားမြို့စားတပ်များနှင့်ပါ ပူးပေါင်းချီတက်ခဲ့ကြသည်။ ဒွါရဝတီမင်းသား သီရိမဟာရာဇာတပ်တွင် ရဲမက်အမှုထမ်း ၂၀၀၀၀ အပြင် မြေလတ် စော်ဘွား၊ မြို့စားကိုယ်တိုင် စည်းကြပ်ကွပ်ကဲသည့် ရဲမက်လက်နက်ကိုင် ရှမ်းတိုင်းရင်းသား အမှုထမ်း ၁၀၀၀၀ ပါဝင်သည်။ ဝက်ထီးကန်တိုက်ပွဲသည် ရှမ်း၊ ဗမာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားကို ပြသခဲ့ရာ ဗြိတိသျှလူမျိုး မေဂျာစနော့ဒ်ဂရက်စ်ကိုယ်တိုင် မှတ်တမ်းတင် ချီးကျူးခဲ့ရလေသည်။

၁၈၂၆ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့၌ ချောင်ပီလာအရပ်တွင် တပ်စွဲနေသော ရခိုင်နှင့် ဗမာတိုင်းရင်းသား မျိုးချစ်အင်အားစုများကို ဗြိတိသျှရေတပ်က တိုက်ခိုက်ခဲ့သော်လည်း ၎င်းတို့ဘက်မှ အရာရှိနှစ်ဦးအပါအဝင် ၁၁ယောက် ကျဆုံးကာ ၂၀၃ဒဏ်ရာရရှိခဲ့သည်။ ဤသို့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးများသည် တိုင်းပြည်နှင့်လူမျိုးအတွက် နီးစပ်ရာအင်အားချင်းပေါင်းစပ်ပြီး ရရာလက်နက်ကိုကိုင်စွဲ၍ ကျူးကျော်သူနယ်ချဲ့တို့ကို အသက်ပေးတိုက်ခိုက်ခဲ့သော်လည်း အင်အားချင်းမမျှသောကြောင့် ၁၈၂၆ခုနှစ် ဖေဖော်ဝါရီလ၂၄ရက်နေ့တွင် ရန္တပိုစာချုပ်ကို ချုပ်ဆိုကာ ဗြိတိသျှတို့နှင့် စစ်ပြေငြိမ်းလိုက်ရသည်။

စာချုပ်အရ မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီဒေသများကို ဗြိတိသျှလက်သို့ ပေးအပ်ရသော်လည်း ထိုဒေသရှိ တိုင်းရင်းသားများသည် နယ်ချဲ့လက်အောက် ဒူးမထောက်ဘဲ အသက်နှင်း၍ တော်လှန်ခဲ့ကြသည်။ ရခိုင်ဒေသတွင် ဒေးဝန်းဦးအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်စံ၊ ဗိုလ်ရွှေပန်းခေါင်းဆောင်သော ရခိုင်နှင့်ဗမာတိုင်းရင်းသားများ၊ ချင်းတောင်တန်းမှ တိုင်းရင်းသားများကလည်း နယ်ချဲ့ဗြိတိသျှတို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

ဗြိတိသျှတို့သည် စစ်ကြေညာခြင်း လုံးဝမပြုဘဲ ၁၈၅၂ခုနှစ် ဧပြီလ ၅ရက်နေ့တွင် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲကို နိုင်ငံကြီးသားမပီသစွာ ဆင်နွှဲခဲ့ပြန်သည်။ ပုဂံမင်းဦးဆောင်သော မြန်မာ့တပ်မတော်နှင့်အတူ တိုင်းရင်းသားများ စုပေါင်း၍ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

အောက်မြန်မာနိုင်ငံကို ပိုင်စိုးရေးအတွက် ချီတက်လာသော နယ်ချဲ့ဗြိတိသျှတပ်များကို အရှေ့ရိုးမတောင်တန်းနေ ကရင်၊ ဂေခိုနှင့် ဂေဘားတိုင်းရင်းသားများကလည်း စုပေါင်းတွန်းလှန်ခဲ့ကြသည်။ အလယ်ချောင်းရွာ(ဂေဆရောင်းရွာ)မှ မင်းထင်၊ မင်းလှ၊ ပဗ္ဗတသိုဟန်ဘွားဘွဲ့ခံ စော်ဘွားကြီး အိုင်သထောင်သည် ထင်ရှားသည့် နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အရှေ့ရိုးမတောင်တန်းမှ အိုင်သထောင်ဦးစီးသော ဗိုလ်ကျော်၊ ဗိုလ်လှိုင်၊ ဗိုလ်ရွှတ်၊ ဗိုလ်ရင်ထွန်းနှင့် ကရင်၊ ဂေခို၊ ဂေဘားတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းသည် ရဲရင့်ပြောင်မြောက်ခဲ့သည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကာလတွင် ဗြိတိသျှတို့သည် အောက်မြန်မာပြည် ဒေသအသီးသီးတွင် အပြင်းအထန် ထိုးစစ်ဆင်ခဲ့ရပြီး မျိုးချစ်တိုင်းရင်းသားများကလည်း မိမိတို့ထက် လက်နက်အင်အား၊ တပ်အင်အားသာသော နယ်ချဲ့တို့အား အသက်ကိုပဓာနမထားဘဲ တွန်းလှန်တိုက်ခိုက်ခဲ့ကြလေသည်။ ရန်ကုန်၊ ဓနုဖြူ၊ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်၊ မုတ္တမနယ်များတွင် နတ်ရှင်ရွှေဗိုလ်၊ ဗိုလ်သာပုံ၊ ဗိုလ်သာဦး၊ ဗိုလ်မိုဦး၊ ဗိုလ်ကျော်ဇလှ၊ ဗိုလ်မြတ်ထွန်းစသည့် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင်များ အမြောက်အမြား ပေါ်ပေါက်လာခဲ့သည်။

ခြင်ကျား(မအူပင်)

ဗိုလ်မြတ်ထွန်းသည် ဒလမြို့တောင်ဘက် မိုင် ၃၀ခန့်တွင် ဗိုလ်ရွှေပန်းဆိုသူခေါင်းဆောင်တစ်ဦးနှင့် အင်အားစုများကို ဦးဆောင်ကာ ရောက်ရှိခဲ့သည်။ ဗြိတိသျှတို့၏ မှတ်တမ်းအရ ဗိုလ်မြတ်ထွန်းတွင် ကရင်၊ မွန်၊ ဗမာ တပ်သား ၇၀၀၀၊ ဗိုလ်ရွှေပန်းတွင် ၂၀၀၀ စုစုပေါင်း လူအင်အား ၉၀၀၀ရှိသည်ဟုဆိုသည်။ ဗိုလ်မြတ်ထွန်းသည် ရန်ကုန် တစ်ဖက်ကမ်းမှ ဗြိတိသျှတို့အား တိုက်ရန်ပြင်ဆင်ထားသော်လည်း ဗြိတိသျှတပ်များသည် ရေကြောင်းဖြင့် ပြည်နှင့်ပဲခူးသို့ တစ်ကြောင်းစီ ချီတက်သွားကြသည်။ ဗိုလ်မြတ်ထွန်းသည် ပြည်ဘက်သို့ ရေကြောင်းဖြင့် ချီတက်သွားသော ဗြိတိသျှတို့အား ဆီးကြိုတိုက်ရန် ဓနုဖြူမြို့အနောက်ဘက် ၎င်း၏ ဒေသဖြစ်သော ကျုံကဇင်းရွာအနောက်ဘက်တွင် ခံတပ်တည်ခဲ့သည်။

ဗိုလ်မြတ်ထွန်း၏ ခံတပ်မှာ သစ်တပ်ဖြစ်ပြီး ခံတပ်တက်ရာလမ်းကို ဝင်္ကပါသဖွယ် အကွေ့အကောက်များ ပြုလုပ်ထားသည်။ ဗြိတိသျှတက်လာလျှင် ဓနုဖြူမြို့နှင့် မြစ်ကမ်းတစ်လျှောက် အမှီအခိုမရအောင် ရပ်သူရွာသားများကို အတွင်းဘက်သို့ ရှောင်နေစေပြီး မြို့ရွာများကို မီးရှို့ဖျက်ဆီးထားသည်။ ဓနုဖြူလမ်းနှင့် ပန်းတနော်ချောင်းလမ်းမှ ရန်သူတက်လာလျှင် ဆီးကြိုတိုက်ခိုက်ရန် ချောင်းကမ်းပါးတစ်လျှောက်နှင့် ကုန်းလမ်းအပေါက်ဝများတွင် ကင်းများ ချထားသည်။ ချောင်းရိုးတစ်လျှောက်တွင် သစ်ပင်ကြီးများကို ခုတ်လှဲပိတ်ဆို့ကာ ခြောင့်များထောင်လျက် ဗိုလ်မြတ်ထွန်းနှင့် မွန်၊ ကရင်၊ ဗမာမျိုးချစ်တိုင်းရင်းသားများသည် ကျုံတနီး ချောင်းတစ်လျှောက် ခံကတုတ်များဖွဲ့၍ ခိုင်လုံစွာ အသင့်ပြင်ထားလေသည်။

၁၈၅၃ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် ဗိုလ်မြတ်ထွန်းဦးဆောင်သော နယ်ချဲ့တော်လှန်ရေးအင်အားစုများနှင့် ဗြိတိသျှတို့ ဓနုဖြူအနီးတွင် ပထမအကြိမ် တိုက်ပွဲဖြစ်ပွားသည်။ ငုတ်များ၊ ခြောင့်များ စိုက်ထားသည့် ချောင်းရိုးတစ်လျှောက်တွင် ဗြိတိသျှစစ်ရေယာဉ်များ ခက်ခဲစွာ ချီတက်နေစဉ် တစ်ဖက်တစ်ချက်မှ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများက ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်ကြသောကြောင့် လူအင်အား ၁၈၀ပါ ဗြိတိသျှ စစ်ရေယာဉ်များသည် ၁၂ယောက် ဒဏ်ရာရရှိပြီး ဆုတ်ခွာသွားရသည်။

၁၈၅၃ခုနှစ် ဖေဖော်ဝါရီလတွင် ကက်ပ္ပတိန် စီဘီလုပ်ချ်သည် ရေတပ်သား ၁၅၈ယောက်၊ ကမ်းတက်တပ်သား ၆၂ယောက်၊ မေဂျာမင်းချင်းက ကြည်းတပ်သား ၃၀၀နှင့်အတူ ဗိုလ်မြတ်ထွန်းဦးဆောင်သော မွန်၊ ကရင်၊ ဗမာ၊ မျိုးချစ်အင်အားစုများစုဝေးရာ ဓနုဖြူခံတပ်ကို ချီတက်လာခဲ့ကြသည်။ ဓနုဖြူမြစ်ကမ်းအရောက်တွင် ဗိုလ်မြတ်ထွန်း ခေါင်းဆောင်သော မျိုးချစ်တပ်များနှင့် တိုက်ပွဲဖြစ်ပွားကာ ကက်ပ္ပတိန်လုပ်ချ် ဒဏ်ရာရ၍ တပ်သားခြောက်ယောက် သေဆုံးကာ ၅၃ယောက် ပြင်းထန်စွာ ဒဏ်ရာရသွားသည်။ ထိုတိုက်ပွဲတွင် ဗြိတိသျှတို့၏ အမြောက်လက်နက်များကို သိမ်းဆည်းရရှိခဲ့သည်။

ဗြိတိသျှတို့က ဗိုလ်မြတ်ထွန်း၏ခံတပ်ကို နောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်သော်လည်း ခံတပ်ကို မရရှိခဲ့ပေ။ ဆာဂျွန်ချိပ်သည် ပြည်မြို့မှ ဗြိတိသျှတပ်များအနက် အကောင်းဆုံးတပ်သားများကို ရွေးကာ နံပါတ်(၁၈) အဲရစ်တပ်မှ ရိုင်ဖယ်သေနတ်ကိုင်တပ်ဖွဲ့၊ ဆစ်ခ်တပ်မှ တပ်သား ၂၀၀၊ ဆပ္ပားမိုင်းနားတပ်သား ၇၀၊ ၂၄ ပေါင်ဒါဟောင်ဝစ်ဇာ အမြောက်တစ်လက်၊ ၉ပေါင်ဒါအမြောက်တစ်လက်၊ မဒရပ်မြင်းဆွဲအမြောက် တပ်သားတို့နှင့်အတူ ဗိုလ်မြတ်ထွန်းခံတပ်ကို ချီတက်ခဲ့ကြသည်။

မတ်လ ၁ရက်နေ့တွင် ပြည်မြို့မှ ရောက်ရှိလာသော တပ်ကူများနှင့်အတူ ဗြိတိသျှတပ်အားလုံးကို ဓနုဖြူသို့ ရေကြောင်းဖြင့် စုန်စေကာ အမြောက်များနှင့် တပ်သား ၂၀၀ ကို ကြည်းကြောင်းဖြင့် ချီစေသည်။ မတ်လ ၆ ရက်နေ့တွင် မေဂျာဟိုးဒစ်ရှ်၏ တပ်များနှင့်ပေါင်းကာ မတ်လ ၁၇ရက်နေ့အထိ ခံတပ်အနီးတွင် မျိုးချစ်တိုင်းရင်းသား အင်အားစုများနှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

ချိပ်၏ ဥရောပတပ်သား ၅၀၀၊ စစ်ဘာရီတပ်သား ၅၀၀၊ စစ်မြေပြင်ဝန်ပေါ့အမြောက်နှစ်လက်၊ ရော့ကက် အမြောက်သုံးလက်၊ စိန်ပြောင်းနှစ်လက်၊ ဆပ္ပားမိုင်းနားတပ်သား ၇၀၊ ရိက္ခာခုနစ်ရက်စာစီစဉ်ပြီး မတ်လ ၇ ရက်နေ့မွန်းလွဲ ၂ နာရီအချိန်တွင် ဗိုလ်မြတ်ထွန်း၏ ခံတပ်ဆီသို့ ဦးတည်ချီတက်ခဲ့ပြန်သည်။

ဗိုလ်မြတ်ထွန်းဦးဆောင်သော မျိုးချစ်တိုင်းရင်းသားများက ခံစစ်ကိုခိုင်မာစွာ အသုံးပြုတိုက်ခိုက်နေစဉ် ကင်းတပ်စိတ် တစ်စိတ်ကို နယ်ချဲ့ဗြိတိသျှတို့က ဖမ်းမိရာမှစ၍ မတ်လ ၁၉ ရက်နေ့တွင် ဗြိတိသျှတပ်များသည် ဗိုလ်မြတ်ထွန်း၏ ခံတပ်ကို ချဉ်းကပ်မိကြသည်။ ဗြိတိသျှတို့က မရပ်မနားပစ်ခတ်၍ ဗိုလ်မြတ်ထွန်းခံတပ်ကို ထိုးဖောက်ရန်ကြိုးစားကြပြီး ဗိုလ်မြတ်ထွန်းနှင့် မွန်၊ ကရင်၊ ဗမာ မျိုးချစ်များကလည်း ဗြိတိသျှတို့ထံမှ သိမ်းဆည်းထားသော အမြောက်နှစ်လက်ဖြင့် ပစ်ခတ်ပြီး ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထိုစဉ် ဗြိတိသျှတို့က ၂၄ပေါင်ဒါဟောင်ဝစ်ဇာအမြောက်ကြီးကို ခံတပ်နှင့် ၂၅ ကိုက်အထိ ဆွဲယူနိုင်ပြီး ပြင်းထန်စွာ တိုက်ခိုက်ခဲ့သဖြင့် မျိုးချစ်အင်အားစုများ အကျအဆုံးများပြားလာ၍ ခံတပ်ကို စွန့်ခွာကြသည်။ ဗြိတိသျှတို့ဘက်မှ အရာရှိ ၁၂ ယောက်၊ တပ်သား ၉၅ယောက် ဒဏ်ရာရရှိ၍ အရာရှိ သုံးယောက်၊ အရာရှိငယ် ၁၈ ယောက်နှင့် တပ်သား ၂၅၀ သေဆုံးခဲ့သည်။ ဗိုလ်မြတ်ထွန်း၏ မျိုးချစ်တိုင်းရင်းသားတို့ဘက်မှ ဗိုလ်မြတ်ထွန်း၏သားနှစ်ယောက် ဒဏ်ရာရခဲ့ပြီး လက်နက်ချင်းမမျှသောကြောင့် အကျအဆုံး များပြားခဲ့လေသည်။

ဗိုလ်မြတ်ထွန်းသည် နောက်ပါ မွန်၊ ကရင်၊ ဗမာမျိုးချစ်တိုင်းရင်းသားအင်အားစုများနှင့်အတူ မင်းကရုရွာဘက်သို့ ဆုတ်ခွာခဲ့သည်။ မင်းကရုရွာမှ ရေကျော်ရွာ၊ တော်ကွမ်းကုန်းရွာများဆီသို့ ဆုတ်ခွာပြီး မြောက်ဘက်သို့ ပြန်တက်ကာ ဟင်္သာတအနီး၌ ခိုလှုံ၍ လူသူ စုဆောင်းနေလေသည်။

ဗိုလ်မြတ်ထွန်းနှင့် မျိုးချစ် ကရင်၊ ဗမာ၊ မွန် တိုင်းရင်းသားများသည် လှိုင်တိုင်းသစ်တောများအတွင်း ခိုအောင်းနေရာမှ ၁၈၅၃ ခုနှစ်အလယ်ခန့်တွင် ဗိုလ်ခေါင်းကြီးဦးဆောင်သော မျိုးချစ်တိုင်းရင်းသားများနှင့် ပူးပေါင်းခဲ့ကြသည်။ ဗိုလ်ခေါင်းကြီးသည် သာယာဝတီ တာပွန်တိုက်နယ်သူကြီးဟောင်းတစ်ဦးဖြစ်၍ သူ၏ညီ ဗိုလ်ခေါင်းကလေးနှင့် ပူးပေါင်းကာ ကရင်တိုင်းရင်းသားများနှင့်အတူ ဗြိတိသျှတို့ တပ်စွဲထားသော မြို့ငယ်၊ ရွာငယ်များကို ဝင်ရောက်တိုက်ခိုက်လျက်ရှိသည်။ နောက်ပိုင်းတွင် မျိုးချစ်တိုင်းရင်းသားအင်အားစုများသည် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် ဆာဂျွန်ချိပ်နှင့် ကပ္ပတိန် ဖိုက်ချ်တို့၏ ဗြိတိသျှတပ်များအား ဆက်လက် လှုပ်ရှားတိုက်ခိုက်ကြသည်။

ဗိုလ်မြတ်ထွန်းသည် ယခု ဒူးယားရွာဟုတွင်သော ဒေသတစ်ဝိုက်တွင် ဗြိတိသျှတို့အား တိုက်ခိုက်နေသော ကရင်တိုင်းရင်းသား ဖူကံတလေးနှင့် ပူးပေါင်းကာ ဗြိတိသျှတို့အား တိုက်ခိုက်ရင်း ဗိုလ်မြတ်ထွန်းနှင့် ဖူကံတလေးတို့သည် နိုင်ငံအတွက် အသက်စွန့်သွားခဲ့ရသည်။

ဗိုလ်မြတ်ထွန်းနှင့် စပ်လျဉ်း၍ အိန္ဒိယဘုရင်ခံချုပ် 'လော့ဒ်ဒါလဟိုဇီ'က 'ဆာအာသာဖယ်ယာ'ထံသို့ ၁၈၅၃ ခုနှစ် ဧပြီလ ၂၇ ရက်စွဲဖြင့် ပေးပို့သော စာတွင်-

"မြတ်ထွန်း၏သားများကို ဖမ်းဆီးရမိပြီဟု ကြားသိရသည်။ ကပ္ပတိန်ဖိုက်ချ်သည် မြတ်ထွန်းကိုယ်တိုင်ကို ဖမ်းဆီးရမိဖွယ်ရှိသည်။ ဗိုလ်မြတ်ထွန်းကို ဓားပြ လူဆိုးလူသွမ်းတစ်ဦးအနေဖြင့် ပြုလုပ်သင့်သည်မထင်။ လူ ၄၀၀၀ ကို ဦးစီး၍ ဗြိတိသျှစစ်တပ်ကို သုံးကြိမ်သုံးဖန် ခုခံတွန်းလှန်လျက် ဗိုလ်ချုပ်တစ်ဦးကွပ်ကဲ၍ တစ်လကျော်မျှ အကျအဆုံးများစွာဖြင့် တိုက်ထုတ်ယူရသူတစ်ဦးကို ခေါင်းဆောင်ကောင်း၊ သူရဲကောင်းတစ်ယောက်အဖြစ် မှတ်ယူအပ်သည်။ ထို့ကြောင့် သူ့ကို၊ သို့မဟုတ် သူ၏ သားများကို ဖမ်းမိလျှင် သူတို့ကို လူဆိုး၊ ရာဇဝတ်သားကဲ့သို့ မပြုဘဲ အခြားမည်ကဲ့သို့ ပြုသင့်သည်ကို ကျွန်ုပ်ထံ အစီရင်ခံရမည်"

ဟု ဖော်ပြထားခဲ့သည်။

နယ်ချဲ့တို့သည် သူတစ်ပါးနိုင်ငံကို အဓမ္မကျူးကျော်ပြီး တရားသောစစ်ဖြင့် ပြန်လည်ခုခံတွန်းလှန်သော မျိုးချစ်တို့ကို သူခိုးဓားပြဟု စွပ်စွဲလေ့ရှိခဲ့သည်။ သို့ရာတွင် နယ်ချဲ့ဆန့်ကျင်ရေး မြန်မာ့သမိုင်းတွင် ပေါ်ထွန်းခဲ့သော ဗိုလ်မြတ်ထွန်းနှင့် မွန်၊ ကရင်၊ ဗမာတိုင်းရင်းသားအင်အားစုများ၏ စွန့်လွှတ်စွန့်စားသော မျိုးချစ်စိတ်ဓာတ်ကိုမူ လော့ဒ်ဒါလဟိုဇီကိုယ်တိုင်က အလေးထားခဲ့ရပြီး ခေါင်းဆောင်ကောင်းများ၊ သူရဲကောင်းများအဖြစ် အသိအမှတ်ပြုခဲ့ရသည်။

နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းဦးမှသည် ၁၈၈၇ခုနှစ်အထိ ဗြိတိသျှနယ်ချဲ့တို့အား အားမတန်သော်လည်း မျိုးမာန်မလျှော့ခဲ့ကြသည့် တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းဂုဏ်ရောင်မှာ အစဉ်ထွန်းပြောင်နေမည်ဖြစ်သည်။ ထို့ပြင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုများ၊ အမျိုးသားလွတ်မြောက်ရေးအတွက် တပ်မတော်ဖွဲ့၍ ချေမှုန်းမှုများတွင်လည်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် အမိမြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည်ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးသမိုင်း၏ တောင်းဆိုချက်အရ ပေါ်ထွန်းလာသော တပ်မတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသော တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ကျရာအခန်းကဏ္ဍမှ သယ်ပိုးထမ်းဆောင်နိုင်ခဲ့ပေသည်။

ပြည်ထောင်စု အစွန့်ရှည်ရေးတာဝန်ကို သွေးအသက်နှင်းဆက်ပြီး ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းဦးမှ ဗိုလ်မြတ်ထွန်းအပါအဝင် မျိုးချစ်တိုင်းရင်းသားများ၏ ရဲဝံ့စွန့်စားသော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြုရုံမျှမက ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ အစဉ်အလာကောင်းကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ရမည်မှာ ယနေ့ကာလ မျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါကြောင်း နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

■ *ပြည်သူကိုမှ*

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာန ဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်း အုပ်ချုပ်ရေးမှူးများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစီးဦးဆောင်ပြု

အစီအစဉ်အရနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုသည့် နိုင်ငံတော်တွင် အလွန်အရေးကြီးသည့် လုပ်ငန်းတာဝန်များကို ရည်မှန်းချက်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်လည်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းရပ်များကို ရည်မှန်းချက်အဖြစ်ချမှတ်ပြီး ယခု အစည်းအဝေးကို တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်းအဆင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများက မိမိတို့၏ ကွပ်ကဲမှုအောက်မှာရှိသော ခရိုင်အဆင့်၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေး အရာရှိများကို ဦးစီးဦးဆောင်ပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြရတာဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးဖြစ်သည့်အပြင် အနာဂတ် ရည်မှန်းချက်မှာလည်း စည်းကမ်း ပြည့်ဝပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်း ကြေညာထားပြီးဖြစ်ကြောင်း။

မရှိမဖြစ်အလိုအပ်ဆုံးအရာ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် တည်ဆောက်ရာတွင် သော်လည်းကောင်း၊ စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံအဖြစ် တည်ဆောက်ရာတွင်သော်လည်းကောင်း နိုင်ငံတော်မှာ မရှိမဖြစ်အလိုအပ်ဆုံးအရာမှာ နိုင်ငံတော် တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်မှာ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ရှိရန်အတွက် တပ်ကောင်းဖို့လိုတယ်၊ ရဲတပ်ဖွဲ့ ကောင်းဖို့လိုတယ်၊ အုပ်ချုပ်ရေးအဖွဲ့တွေကောင်းဖို့လိုတယ်လို့ နိုင်ငံတော်အကြီးအကဲက ထောက်ပြထားကြောင်း။

အနီးကပ်ကြီးကြပ်

တပ်ကောင်းရန်အတွက် မိမိတို့ တပ်မတော်ကို သားစဉ်မြေးဆက်တိုင်ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကို လုံလုံခြုံခြုံ ကာကွယ်စောင့်ရှောက်နိုင်မည့် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်ဖြစ်အောင် ကြိုးပမ်းတည်ဆောက်နေကြောင်း၊ ရဲတပ်ဖွဲ့ကောင်းရန်အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စနစ်ကျနသော တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သော တပ်ဖွဲ့ဖြစ်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားတစ်ရပ်ဖြစ်ရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းပြီး ဆပ်ကော်မတီခြောက်ရပ်နှင့်အတူ အနီးကပ်ကြီးကြပ် စီမံဆောင်ရွက်လျက်ရှိနေကြောင်း။

အုပ်ချုပ်ရေးအဖွဲ့ ကောင်းရန်အတွက် ယနေ့တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်းအဆင့် အထွေထွေအုပ်ချုပ်ရေးအရာရှိများအပေါ်မှာ များစွာ တည်မှီလျက်ရှိနေကြောင်း၊ အုပ်ချုပ်ရေးကောင်းရန်အတွက် အဓိကကျသည့် အုပ်ချုပ်ရေးအရာရှိများအနေဖြင့် အုပ်ချုပ်ရေးစွမ်းရည်များ ရှိရန်လိုအပ်ကြောင်း၊ စွမ်းရည် ဆိုသည်မှာ အတတ်ပညာပိုင်းဆိုင်ရာ အရည်အချင်းရှိရန်၊ တော်ရန် ဖြစ်ကြောင်း၊ ထို့ပြင် စွမ်းရည်ရှိရုံ၊ တတ်ကျွမ်းရုံ၊ တော်ရုံနှင့် မပြီးသေးကြောင်း၊ ကောင်းရန်လည်း လိုအပ်ကြောင်း၊ ကောင်းရန်ဆိုသည်မှာ ကိုယ်ကျင့်တရားကောင်းရန်၊ ရိုးသားဖြောင့်မတ်ရန်ဖြစ်ကြောင်း။

ပေါင်းစပ်ညှိနှိုင်း

ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးအရာရှိများမှာ ပြည်သူအားကိုးသော၊ လေးစားသော၊ ယုံကြည်ခြင်းခံရသော ပုဂ္ဂိုလ်များ ဖြစ်ရန်လိုကြောင်း၊ ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပြည်သူ့ဘက်က ရပ်တည်သော၊ ပြည်သူကို အလုပ်အကျွေးပြုသော ပြည်သူ့ဝန်ထမ်းများ ဖြစ်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေအောက်တွင် ပြည်သူအားလုံး စိတ်အေးချမ်းသာစွာဖြင့် ဥပဒေ၏ အကာအကွယ်ကို မျှတစွာ ရရှိခံစားစေပြီး မိမိတို့၏ ပရိယေသနဝမ်းစာကို စိတ်ချမ်းချမ်းသာသာဖြင့် ရှာဖွေလုပ်ကိုင်စားသောက်နိုင်အောင် ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးတို့အတွက် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့အရာရှိများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် လယ်ယာသားငါးကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရအနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြောင်း၊ လယ်ယာကဏ္ဍသည် နိုင်ငံတော်စီးပွားရေး၏ အခြေခံဖြစ်ကြောင်း၊ မိမိတို့၏ စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် အချက်မှာ ပထမဆုံးပါဝင်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးမှာ ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း ၄၄ ဒသမ ၃ ရာခိုင်နှုန်း အချိုးအစားရှိပြီး ပြည်ပပို့ကုန်တန်ဖိုးမှာ၁၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ကြောင်း။

ထို့ကြောင့် လယ်ယာကဏ္ဍနှင့် ပတ်သက်ပြီး စပါး၊ ဝါ၊ ပြောင်း၊ ကြံ၊ မြေပဲ၊ နေကြာ၊ နှမ်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့် အဓိကသီးနှံ ၁၀ မျိုးကို ရွေးချယ်စိုက်ပျိုးရန်နှင့် တစ်ဧကထွက်ရှိရမည့် အထွက်စံနှုန်းများကိုလည်း သတ်မှတ်ပေးထားကြောင်း။ ဥပမာအားဖြင့် စပါး တစ်ဧက တင်း ၁၀၀၊ ဝါ တစ်ဧက ပိဿာ ၄၀၀၊ ပြောင်းတစ်ဧက တင်း ၈၀၊ ကြံ တစ်ဧက တန် ၄၀၊ မြေပဲ၊ နေကြာ တစ်ဧက တင်း ၅၀၊ နှမ်း၊ မတ်ပဲ၊ ပဲတီစိမ်း တစ်ဧက တင်း ၂၀၊ ပဲစင်းငုံ တစ်ဧက ၂၅ တင်း။

မူဝါဒများချမှတ်ထား

ထို့ပြင် အမယ်သစ် သီးနှံအဖြစ် နိုင်ငံခြားငွေရရှိနိုင်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းတို့ကိုလည်း စိုက်ပျိုးကြရန်၊ ကော်ဖီဆိုလျှင် ဧကတစ်သိန်းစိုက်ရန်၊ နှစ်ရှည် သီးနှံအဖြစ်လည်း ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့်ပင် တို့ကိုစိုက်ရန်၊ ဆီအုန်းဆိုလျှင် တနင်္သာရီတိုင်းတွင် ဧကငါးသိန်းစိုက်ရန် နိုင်ငံတော်အနေဖြင့် မူဝါဒများချမှတ်ကာ လမ်းညွှန်ထားကြောင်း။

စိုက်ပျိုးရေး အောင်မြင်တိုးတက်စေရန်အတွက် နည်းလမ်းလေးသွယ်ကိုလည်း ချမှတ်ပေးထားကြောင်း၊ ယင်းနည်းလမ်းများမှာ(က) စိုက်စနစ်မှန်ရမည်၊ (ခ) အထွက်ကောင်းမျိုးသုံးစွဲရမည်၊ (ဂ)ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကိုပါ အသုံးပြုရမည်၊ (ဃ) ရေတော်မိုးတော်ဖြစ်ရမည် ဆိုသည့် နည်းလမ်းများ ချမှတ်ပေးထားကြောင်း၊ ထို့ပြင် ယနေ့ နိုင်ငံတော်တွင် စက်ရုံများ၊ အလုပ်ရုံများ များစွာပေါ်ထွန်းလာသည်နှင့်အမျှ ကောက်စိုက်သမများ၊ ကောက်ရိတ်လုပ်သားများသည် ယင်းအလုပ်ရုံ၊ စက်ရုံများဆီသွားရောက်လုပ်ကိုင်နေကြပြီဖြစ်၍ လယ်ယာလုပ်ငန်းခွင်တွင် အလုပ်သမား ရှားပါးလာပြီး ကောက်စိုက်ခ၊ ကောက်ရိတ်ခများလည်း ယခင်ကထက် ပိုပေးလာရကြောင်း၊ စိုက်စရိတ်သက်သက်သာသာနှင့် ကုန်ပစ္စည်းကိုများများထုတ်လုပ်နိုင်မှသာ ကုန်ဈေးနှုန်းကျဆင်း သက်သာမှာဖြစ်သည့်အတွက် မိမိတို့၏လယ်ယာကဏ္ဍကို လူ၊ ကျွဲနွားနှင့် ထွန်ယက်စိုက်ပျိုးသည့်အဆင့်မှ စက်ဖြင့်ထွန်ယက်ခြင်း၊ စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ခြင်းစသည့် စက်မှုလယ်ယာစနစ် (Mechanize Farming)သို့ ပြောင်းလဲဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ စိုက်သည့်နေရာတွင် လူနှင့်ပင်စိုက်ကြရမှာဖြစ်ကြောင်း၊ လူနှင့်စိုက်ရာတွင် စိုက်စရိတ်သက်သာအောင် မိုးများသည့်ဒေသများ၊ ရေမြုပ်ကွင်းများမှအပ ကျန်အခြေအနေပေးသည့် နေရာများတွင် ကြဲ၍စိုက်နည်း၊ အတန်းလိုက်အစေ့ချ၍ စိုက်နည်းများကို ပြောင်းလဲကျင့်သုံးကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်စရိတ်သက်သာအောင် မိုးမများသည့်ဒေသ၊ ရေမြုပ်ကွင်းမဟုတ်သည့်ဒေသများတွင် ညက်ညက်ထွန်၊တမန်းညက်အောင်လုပ်၊ မျက်နှာပြင်ညီအောင်ပြုပြင်ပြီး ကြဲစိုက်နည်း၊အစေ့ချစိုက်နည်းများကို လယ်သမားများ အလေ့အကျင့်ရအောင် စိုက်ပျိုးရေးအရာရှိများနှင့်အတူ အုပ်ချုပ်ရေးအဖွဲ့များကိုယ်တိုင် ကွင်းဆင်းပြီး ပြိုင်ပွဲများပြုလုပ်ကာ တွန်းအားပေးဆောင်ရွက်ကြပါရန် ပြောကြားလိုကြောင်း။

တိုးတက်ထုတ်လုပ်

လယ်ယာကဏ္ဍနှင့် ဆက်နွှယ်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးရေးမှာလည်း အရေးကြီးကြောင်း၊ သံသေတစ်ပြည်ဝဆိုသည့်စကားအတိုင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမားနေနိုင်ပြီး တိုင်းပြည်လည်း ကြွယ်ဝချမ်းသာမှာဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အချက်အချာကျသည့်မြို့ကြီးများတွင် စက်မှုဇုန်များ ထူထောင်ပေးခဲ့ရာ ယခုအခါ စက်မှုဇုန်၁၉ဇုန်ရှိသွားပြီဖြစ်ကြောင်း၊ ယင်းစက်မှုဇုန်များမှ ယခုအခါ ဆန်စက်၊ ဆီစက်၊ ရေစုပ်စက်၊ ရေတင်စက်၊ ရေခဲစက်၊ ဆပ်ပြာစက်များသာမက မော်တော်ကားအမျိုးမျိုးကိုပါ ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း၊ မိမိတို့ဒေသရှိ စက်မှုဇုန်များမှာ အမယ်ဟောင်းများကို အရည်အသွေး ကောင်းအောင် မြှင့်တင်သွားရန်၊ အမယ်သစ်များကို တီထွင် ထုတ်လုပ်ရန်၊ သွင်းကုန်အစားထိုး ပြည်တွင်းသုံးသာမက ပြည်ပသို့ပါ ထုတ်ရောင်းနိုင်သည့် အဆင့်ရောက်အောင် အဆင့်မြှင့်တင် ထုတ်လုပ်ရန်၊ လက်ဖြင့်ထုတ်လုပ်သည့်အဆင့်မှ ပိုမိုတိကျပြီး အရည်အသွေးကောင်းမွန်သည့် Computer Control စက်များဖြင့် ထုတ်လုပ်ရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ထို့အပြင်လယ်ယာကို အခြေခံသည့် Agro Base Industry ထွန်ထယ်စက်များ၊ ရေစုပ်ရေတင်စက်များ၊ ရိတ်စက်များ၊ ခြွေလှေ့စက်များ၊ တစ်ခါတည်း ရိတ်သိမ်းခြွေလှေ့သည့် Combine harvester ကဲ့သို့ စက်မျိုးများကို တောင်သူလယ်သမားများ လွယ်လွယ်ကူကူဈေးနှုန်း သက်သက်သာသာဖြင့် ဝယ်ယူအသုံးပြုနိုင်အောင် တောင်သူလယ်သမားများအကြိုက် တိုးတက်ပြုပြင် ထုတ်လုပ်သွားကြရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

လယ်ယာကဏ္ဍနှင့်ဆက်နွှယ်ပြီး သားငါးကဏ္ဍသည်လည်း ပြည်တွင်းစားသုံးရေးနှင့် ပြည်ပဝင်ငွေရရှိရေးတို့အတွက် အရေးကြီးကြောင်း၊ သားငါးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၂၀၀၂-၂၀၀၃ခုနှစ်၌ အချိုးအစားအားဖြင့် ၈ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ပြီး စတုတ္ထအဆင့်မှာရှိကြောင်း၊ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်ရေးကို လက်ရှိအခြေအနေထက် တိုးတက်ထုတ်လုပ်နိုင်အောင် အုပ်ချုပ်ရေးအဖွဲ့များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

ပုစွန်မွေးမြူရေးလုပ်ငန်းသည် ဝင်ငွေကောင်းသော လုပ်ငန်းဖြစ်သည့်အတွက် လက်ရှိ ပုစွန်ကန်ဧက ၅၃၀၀ ကျော်မှ ဧက ၂၅၀၀၀ဖြစ်အောင် တိုးမြှင့်လုပ်ဆောင်သွားရန် နိုင်ငံတော်မှ ရည်မှန်းချက်ပေးထားကြောင်း၊ ပုစွန်ကန်များ တူးဖော်ဖြစ်ထွန်းနိုင်သည့် မိမိတို့ဒေသအသီးသီးတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ပုဂ္ဂလိကများ ပုစွန်မွေးမြူလာနိုင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

ထို့အပြင် ပြည်တွင်း၌ အသား၊ ငါး တိုးတက်စားသုံးနိုင်ရေးအတွက် ဒေသကြက်မွေးမြူရေးကို မိမိတို့ဒေသရှိ ရွာတိုင်း၊ အိမ်တိုင်းတွင် တစ်ပိုင်တစ်နိုင် မွေးမြူသွားကြစေလိုကြောင်း။

အားသွန်ခွန်စိုက်ပါဝင်

နိုင်ငံတော် အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ကြားကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံကိန်းကြီးသုံးခုချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မိမိတို့အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စေတနာကို သိရှိနားလည်ပြီး မိမိတို့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အလုပ်ကို ပိုမိုကြိုးစားလုပ်ကြရန်နှင့် လာဘ်ပေး လာဘ်ယူမှုများ၊ မသမာမှုများ၊ မတရားသဖြင့် ရယူမှုများကိုလုံးဝ မပြုလုပ်ကြရန်၊ လက်အောက်ဝန်ထမ်းများကိုလည်း အောက်ခြေအထိဆင်းပြီး ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားကြရန်ဖြင့်ဆွေးနွေးမှာကြားသွားသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းကြီးလမ်း အမှတ် ၁၁၂ (အေ)နေ ပါမောက္ခ ဒေါက်တာဦးအောင်သန်းဘတူ၊ ဇနီးဒေါက်တာဒေါ်ခင်ခင်ထွေးနှင့် သားသမီးမြေးများဖြစ်ကြသော ဒေါက်တာပြည့်သက်ထွန်း၊ ဇနီး ဒေါက်တာသီတာအောင်၊ သမီးအိသက်မွန်ထွန်းနှင့် ဒေါက်တာထင်အောင် ဇနီး ဒေါ်ခင်ဦးမြင့်၊ သမီးခင်ကြေးမုံတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသောင်းထွဋ်နှင့် အဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင်(ငြိမ်း)တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● *ချစ်ကြည်ရေးမှ*

ယခုရွေးချယ်ဖွဲ့စည်းလိုက်သော ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် **(ဂိုး)** အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ဟိန်းဇေယျာကျော် (ဘဏ္ဍာ/အခွန်)၊ ကျော်မင်းလှိုင် (စွမ်းအင်)၊ ထွန်းထွန်းလင်း (မြို့တော်စည်ပင်)၊ **(နောက်တန်း)** စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ စိုးလင်းထွန်း (ဘဏ္ဍာ/အခွန်)၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ မင်းသူ(စီးပွား/ကူးသန်း)၊ ဇော်လင်းထွန်း(၂) (စီးပွား/ကူးသန်း)၊ဇော်ထက်အောင်(စွမ်းအင်)၊ ဌေးအောင်(ကာကွယ်ရေး)၊ ကျော်ကျော်လင်း(ကာကွယ်ရေး)၊သက်နိုင်စိုး(မြို့တော်စည်ပင်)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ ဟန်ဝင်းအောင် (တံခွန်)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊ အောင်စိုးကြူ (ကာကွယ်ရေး)၊ ကျော်ဒွန်း (ပို့ဆောင်ရေး)၊ **(အလယ်တန်း)** အောင်ကျော်မိုး (ဘဏ္ဍာ/အခွန်)၊ လွင်ဦး(ဘဏ္ဍာ/အခွန်)၊ စန်းမောင် (ကာကွယ်ရေး)၊ အောင်ကျော်ထွန်း (သစ်တောရေးရာ)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ ဘိုဘိုအောင် (စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း(၁) (ဘဏ္ဍာ/အခွန်)၊မာလ (စီးပွား/ကူးသန်း)၊ **(ရှေ့တန်း)** ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ အောင်မိုးဦး (ကာကွယ်ရေး)၊ လာကျဲအိုလွယ် (ဆောက်လုပ်ရေး)၊ ထွန်းမင်းနိုင် (ကာကွယ်ရေး)၊ ထွန်းမင်းဦး(တံခွန်) နှင့် ဆန်းဒေးသိန်း (ဆောက်လုပ်ရေး) တို့ပါဝင်ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူဆောင်ရွက်ပြီး မတ် ၁ ရက်မှစ၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်များကို လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအဖြစ်ခံယူကာ ရည်မှန်းချက်အောင်မြင်ရေး၊ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေးနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့်အတူ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူအားလုံး ပူးပေါင်း ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် အုပ်ချုပ်ရေးမှူးဦးကျော်စန်းက 'မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှုများနှင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ရေး' စာတမ်းကို တင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးဦးလှစိုးက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ရည်မှန်းချက်တာဝန်များအပေါ် ရန်ကုန်တိုင်းအတွင်းအကောင်အထည်ဖော်နိုင်မှုအခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

တာဝန်သိသိသစ္စာရှိရှိ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ညီမျှစွာ ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ဝန်ထမ်းများအားလုံးက ပေးအပ်ထားသည့် တာဝန်များကို တာဝန်သိသိ သစ္စာရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် ဝန်ထမ်းမိသားစုအားလုံး ပိုမိုသက်သာချောင်ချိရေးအတွက် မိမိတို့ရုံး၊ ဌာနအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင် အလေးထားဆောင်ရွက်သွားကြရန်နှင့် အိမ်ထောင်စု အလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ပြီး ရိုးခြေချွေတာမှု အလေ့အကျင့်ကောင်းများ ရရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အောက်ခြေအထိကွင်းဆင်း

အထူးသဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အောက်ခြေအထိကွင်းဆင်းကာ အောက်ခြေအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အစီအစဉ်များကို ဆက်လက် ကျင်းပကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဗိုလ်မြတ်ထွန်းတံတားနှင့် ပုသိမ်-မုံရွာလမ်း စစ်ဆေး တံတားရေရှည်တည်တံ့ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောအောင်လွင်က ဗိုလ်မြတ်ထွန်းတံတားရှိ ကမ်းပါးရေစားကမ်းပြိုမှုကာကွယ်ရေးအတွက် ဆောင်ရွက်နေမှု၊ ပိုင်တိုင်များချထားပြီးစီးမှုအခြေအနေ၊ ရေကာတာတည်ဆောက်နေမှုအခြေအနေ၊ ရေလမ်းကြောင်းစီးဆင်းနေမှုအခြေအနေ၊ သောင်တူးစက်ဖြင့် သောင်တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးနှင့် တာဝန်ရှိသူများက ဗိုလ်မြတ်ထွန်းတံတားကြီးအား အပတ်စဉ်၊ လစဉ် စစ်ဆေးနေမှုအခြေအနေ၊ ကြံ့ခိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နေမှုအခြေအနေ၊ တံတားကြီး ရေရှည်ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ရမည့်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တံတားကြီး ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် လိုအပ်သည့် စစ်ဆေးမှု၊ ပြုပြင်ထိန်းသိမ်းမှုများအား စီမံချက်ရေးဆွဲ၍ စနစ်တကျစစ်ဆေးထိန်းသိမ်းဆောင်ရွက်ကြရန်၊ ကမ်းပြိုမှု၊ ရေတိုက်စားမှုအခြေအနေများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများကို စနစ်ကျ ကြိုတင်စီမံဆောင်ရွက်ရန်မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကျောင်းကုန်းမြို့နယ် ရန်ကုန်-ကံကလေးလမ်းဆုံ၌ လမ်းအထူးအဖွဲ့(၁၆)က မွမ်းမံပြင်ဆင်နေသည့်ပုသိမ်-မုံရွာလမ်း(ကံကလေးအပိုင်း) မိုင်တိုင်အမှတ် ၃၀ နှင့် ၃၃ အတွင်းရှိ လမ်းအဆင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဒုတိယအင်ဂျင်နီယာချုပ်ဦးရဲမြင့်ဆွေနှင့် အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည့် မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** ပုသိမ်-မုံရွာလမ်းမကြီး အစဉ်ကောင်းမွန်တိုးတက်ရေး၊ ရေရှည်တည်တံ့အောင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပုသိမ်-မုံရွာလမ်း (ပုသိမ်-ဒါးက-သုံးခွ) လမ်းပိုင်း ၂၄ ပေ လမ်းတိုးချဲ့နေမှု လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းလမ်းပိုင်းကို မူလအကျယ် ၁၂ ပေမှ ယခု ၂၄ ပေအကျယ်လမ်းတိုးချဲ့၍ ကျောက်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် ကိုးဆူကျေးရွာသို့ရောက်ရှိကြပြီး ဒေသခံတောင်သူလယ်သမားကြီးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဒေသခံတောင်သူခြောက်ဦး စုပေါင်းစိုက်ပျိုးထားသော ၁၅၂ ဧကရှိ သီးထပ်ရင်စံပြနွေစပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ယာယီရှင်းလင်းဆောင်၌ တိုင်းစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှမျိုးနှင့် ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းတို့က ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၏ ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးသည့် အခြေအနေနှင့်ဆက်လက်စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသနှင့်ကိုက်ညီ၍ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်သည့်နွေစပါးမျိုးများကို ရွေးချယ် စိုက်ပျိုးရေး၊ နွေစပါးအထွက်တိုးရေးအတွက် စနစ်တကျဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါးစိုက်ဧက ၆၁၁၅၂ ဧကစိုက်ပျိုးရန် လျာထားရာ ၄၆၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်မြို့တွင် ညအိပ်ရပ်နားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ ရက် နံနက်၇ နာရီခွဲက ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ချဉ်းကပ်တံတား (မရမ်းချောင်း)တည်ဆောက်ခြင်း၊ ချဉ်းကပ်တံတား(ကမ်းနီ)တည်ဆောက်ခြင်းနှင့် ပင်မတံတားတည်ဆောက်ခြင်း လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်ဂျင်နီယာမှူးဦးစိုးတင့်က ချဉ်းကပ်လမ်းတည် ဆောက်နေမှု လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ရှိပြီး ငဝန်မြစ်၏ အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာနှင့် အနောက်ဘက်ကမ်းနီကျေးရွာတို့ကို ဆက်သွယ်သည့်လမ်းကြောင်းပေါ်၌ တည်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး ဥပဒေအသိပညာပေး ဟောပြောပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ဟောင်ကောင် ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဦးသိန်းထွန်း အဖွင့်အမှာစကားပြောကြားစဉ်။ (၄၀၀)

အင်တာနက်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော Introduction to Internet သင်တန်းအမှတ်စဉ် (၂/၂၀၀၄) ဆင်းပွဲ အခမ်းအနားကို MICT Park° ရှိ e.Learning Centre တွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒေါ်ဝါဝါထွန်းက အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်ဒုတိယပါမောက္ခချုပ် ဒေါ်လှကြူက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

(အောက်ပုံ)

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်စီးပွားရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် အငြိမ်းစားပါမောက္ခ ဒေါ်လှမြင့်က ဆရာ ဆရာမများကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၂၇ရက်က မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သစ်၏ အမှုဆောင်အစည်းအဝေးကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်(သုဝဏ္ဏ) တွင်ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌသစ် ဦးချစ်ခိုင် အဖွင့်အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၉-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်

ဘူတံဘူတတော ပဿတိ ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Psychology Research (ဒုတိယနှစ်စိတ်ပညာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်တိုလူလေးနှင့် သူဇာ"** (အပိုင်း-၂) ဒါရိုက်တာ-အောင်မောင်းလှမျိုး သရုပ်ဆောင်-အကယ်ဒမီ ညွန့်ဝင်းနှင့် ဒေစီကျော်ဝင်း
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၃၂)

စာမျက်နှာ ၉ မှ

ယင်းနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပြောကြားရာတွင် ပဲခူးတိုင်းအတွင်း မြေလွတ် မြေရိုင်း ပလပ်မြေနှင့် ရေနက်ကွင်း လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းပါဝင်သည့် ပဲခူးခရိုင် ပဂိုင်တာတောင်ပိုင်း လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရမည့် ရေတံခါးများအနက် ယနေ့ဖွင့်လှစ်သည့် ရွှေလှေရေထိန်းတံခါးသည် စတုတ္ထမြောက်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် ရေတံခါးတစ်ခုဖြစ်ကြောင်း။

ရေမြုပ်ကွင်းများဖြစ်ခဲ့

ပဲခူးတိုင်း ပဂိုင်တာတောင်ပိုင်းမှာရှိသည့် ပဲခူး–စစ်တောင်းတူးမြောင်း တစ်လျှောက် ဘေးဝဲယာကွင်းများသည် စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ဘက်သို့ ရေထုတ်နုတ်နိုင်ရန် တူးဖော်ထားသည့် ရေနုတ်မြောင်းများ နှစ်စဉ် နုန်းဝင်ရောက်မှုများကြောင့် တစ်စတစ်စ တိမ်ကောလာပြီး မိုးတွင်းအချိန်ကာလမှာ ရေစီးရေလာမကောင်းဘဲ ရေမြုပ်ကွင်းများအဖြစ် နှစ်စဉ်ကြုံတွေ့နေရသည်ကို ဒေသခံပြည်သူများ ကိုယ်တွေ့ပဲဖြစ်ကြောင်း။

ထို့ကြောင့် ရေပိုရေလျှံများထုတ်နုတ်ရာမှာ အားထားရမည့် ရွှေလှေရေထိန်းတံခါးကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ဤရေတံခါးသည် ပဲခူးမြစ်ရေကျချိန်တိုင်းတွင် ပဲခူးမြစ်အတွင်းသို့ ရေထုတ်နုတ်ပေးနိုင်ရန်နှင့် ပဲခူးမြစ်ရေတက်ချိန်တွင် ရေတံခါးပိတ်ထားနိုင်သည့်အတွက် ကွင်းအတွင်းသို့ ပင်လယ်ဆားငန်ရေများ ဝင်ရောက်မှုကို ကာကွယ်နိုင်မှာဖြစ်ကြောင်း။

လူမှုဘဝတိုးတက်မြင့်မား

ယခုဖွင့်လှစ်သည့် ရွှေလှေရေထိန်းတံခါးသည် ပဲခူးတိုင်းအတွင်းရှိ လယ်မြေဧကနှစ်သောင်းနှင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ်အတွင်းရှိ လယ်ယာမြေဧက တစ်သောင်းငါးထောင် စုစုပေါင်းလယ်မြေဧကသုံးသောင်းငါးထောင်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးပြီး ရေငန်များတားဆီးကာ ရေချိုထိန်းပေးမှာဖြစ်သည့်အတွက် စပါးနှင့်အခြားသီးနှံများ ကောင်းစွာစိုက်ပျိုးလာနိုင်မှာဖြစ်ပြီး တောင်သူလယ်သမား ဝင်ငွေတိုးတက်လာကာ လူနေမှုဘဝများ တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

ကဝမြို့နယ်အနေဖြင့် မိုးစပါး ဧက ၁၈၉၀၀၀ စိုက်ပျိုးနိုင်သော်လည်း နွေစပါး၁၈၅၇ဧကသာ စိုက်ပျိုးနိုင်သဖြင့် ယခုအခါ နွေစပါး ပိုမိုစိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

မရေရာမသေချာသည့်ဘဝမှ ရေရာသေချာသည့် စိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေသို့ ရောက်ရှိလာတော့မှာဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုနှင့် တောင်သူလယ်သမားများကိုယ်စား တည်ဆောက်အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကို များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်က ငွေကြေးများစွာ ရင်းနှီးတည်ဆောက်ထားခဲ့သည့် ရွှေလှေရေထိန်းတံခါး အခွန့်ရှည်တည်တံ့ခိုင်မြဲရန် အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း။

တာဝန်သိသိစောင့်ရှောက်

ထို့ကြောင့် ပဲခူးတိုင်းအတွင်းရှိ အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် တောင်သူလယ်သမားများကလည်း တည်ဆောက်ပြီးဖြစ်သည့် ဆည်မြောင်းအဆောက်အအုံများ မပျက်စီးရေးအတွက် အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် ကာကွယ်စောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုရေထိန်းတံခါးအခွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပဲခူးတိုင်းအတွင်းရှိ တာဝန်ရှိသူများနှင့်တကွ ဒေသခံပြည်သူများက နိုးကြားတက်ကြွသော အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပဲခူးတိုင်း ပဲခူးခရိုင် ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးနိုင်က ရွှေလှေရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေလှေရေထိန်းတံခါးတည်ဆောက်ရေးတွင်ပါဝင်ခဲ့သော ဆည်မြောင်းဦးစီးဌာနမှ မြို့ပြဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူးဦးခင်မောင်မြင့်အားလည်းကောင်း၊ စက်မှုဝန်ထမ်းများကိုယ်စား ဒုတိယညွှန်ကြားရေးမှူး (စက်မှု)ဦးရွှေကျော်အားလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ ရွှေလှေရေထိန်းတံခါးဖွင့်ပွဲအစီအစဉ်ကို အဆိုပါ ရေထိန်းတံခါးထိပ် မင်္ဂလာမုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ ရွှေလှေရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ဖဲကြိုးဖြတ်၍ ရွှေလှေရေထိန်းတံခါးကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ဆည်မြောင်းဝန်ထမ်းများနှင့်အတူ မုခ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေလှေရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရွှေလှေရေထိန်းတံခါးနှင့် ရေယာဉ်အဝင်အထွက်တံခါးကို ကြည့်ရှုစစ်ဆေးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေလှေရေထိန်းတံခါးတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရေပေးဝေသွားမည်

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းတင်ပြရာတွင် ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေးစီမံကိန်း၌ ရန်ကုန်မြို့တော် မိုင် ၃၀ပတ်ဝန်းကျင် (အရှေ့ခြမ်း)တွင် အမြဲတမ်းစိမ်းလန်းစိုပြည်စေရေးကို ကဏ္ဍတစ်ရပ်အဖြစ်ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် မိုးယွန်းကြီးအင်းမှရေကို ဇွဲဘတ်ရေထိန်းရေလွှဲဆည်မှတစ်ဆင့် ပဲခူး–စစ်တောင်းတူးမြောင်း အတွင်းသို့လွှဲယူပြီး ပုဂံ–ညောင်ပင် ရေလွှဲပေါက်မှတစ်ဆင့် အုန်းနဲ့ချောင်းသို့ ရေသွယ်ယူရန်စီစဉ်ထားကြောင်း။ တစ်ဖန် အုန်းနဲ့ချောင်းမှရေကို သနပ်ပင်–သုံးခွကားလမ်းနံဘေးအတိုင်း တူးမြောင်းစနစ်ဖြင့်ရေသွယ်ယူ၍ ခရမ်း၊ သုံးခွဒေသတစ်ဝိုက်ရေပေးဝေသွားမှာဖြစ်ကြောင်း။

ယင်းရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင်(အရှေ့ခြမ်း)အမြဲတမ်း စိမ်းလန်းစိုပြည်စေရေးစီမံကိန်းတွင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်များ ပါဝင်ကြောင်း။

လက်ရှိမိုးယွန်းကြီးအင်းအနေဖြင့် စတုရန်းမိုင် ၄၀ ကျယ်ပြီး ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၁၄၀၀၀၀ ရှိရာ ပဲခူးမြို့နယ်၊ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်များအတွင်းရှိ လယ်မြေဧက ၃၅၀၀၀ ခန့်ကို နွေရာသီရေပေးဝေလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းအတွင်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များမှလယ်မြေဧရိယာ ဧက ၅၅၀၀၀ နှင့်ကဝမြို့နယ်အတွင်း လယ်မြေဧက ၁၀၀၀၀ စုစုပေါင်း လယ်မြေဧက ၆၅၀၀၀ ကိုရေပေးဝေနိုင်ရန် မိုးယွန်းကြီးအင်းနှင့်ပဲခူး– စစ်တောင်းတူးမြောင်းတို့သို့တည်ဆောက်ပြီးဖြစ်သော ဘိုင်းဒါးရေလှောင်တမံ၊ကောလိယရေလှောင်တမံ၊ ဘောနီရေလှောင်တမံနှင့် ဇောင်းတူရေလွှဲဆည်တို့မှ နှစ်စဉ်ပိုလျှံရေ ဧကပေ ၁၃၂၀၀၀ ခန့်ကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း။

ထို့ပြင် ထပ်မံလိုအပ်သောရေကို ဖြည့်တင်းပေးနိုင်ရေးအတွက် ဇောင်းတူရေလွှဲဆည်နှင့်ဇောင်းတူရေလှောင်တမံကြားတွင် စီးဆင်းလျက်ရှိသော စကုချောင်း၊ ရွှေလောင်းချောင်းနှင့် ကိုလူကွဲချောင်းများပေါ်တွင် ရေလှောင်တမံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အတည်ပြုပေး

ပဲခူး–စစ်တောင်းတူးမြောင်းမှ ရေကိုသွယ်ယူရာ၌ ပဲခူး–စစ်တောင်းတူးမြောင်းမှရေကို ပုဂံ–ညောင်ပင် ရေလွှဲပေါက်မှတစ်ဆင့် ပိုင်ကျုံချောင်းသို့စီးဆင်းစေလျက် အုန်းနဲ့ချောင်းမှတစ်ဆင့် သနပ်ပင်–ခရမ်းကားလမ်းအရှေ့ဘက်မြောင်းအတိုင်း ခရမ်းချောင်းအထိ ရေကို သွယ်ယူပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့သွယ်ယူရာတွင် သဘာဝရေလမ်းကြောင်းအတိုင်း သွယ်ယူမည့် အပိုင်းနှင့်သနပ်ပင်–ခရမ်း ကားလမ်းအရှေ့ဘက်လက်ရှိမိုးရာသီ လေ့သွားလမ်းကို တူးမြောင်းပုံစံကျတူးဖော်ပြီး ရေသွယ်ယူမည့်အပိုင်းဟူ၍ နှစ်ပိုင်းပါဝင်မည်ဖြစ်ပြီး တူးမြောင်းအရှည် ၂၆မိုင်ကျော်ရှိမှာဖြစ်ကြောင်း တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မေးမြန်းစိစစ်ပြီးလုပ်ငန်းများကို တင်ပြသည့်အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရန် အတည်ပြုပေးသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ရွှေလှေရေထိန်းတံခါးစီမံကိန်းဆိုင်ရာ အချက်အလက်များတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ရွှေလှေရေထိန်းတံခါး တည်ဆောက်သည့်အတွက် အကျိုးပြုဧကတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ပဲခူးတိုင်းအတွင်း တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ရေလှောင်တမံများ၊ရေထိန်းတံခါးများနှင့် ဆောင်ရွက်ဆဲ တူးမြောင်းလုပ်ငန်းများကြောင့် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် ပဂိုင်တာတောင်ပိုင်း ရေကြီးရေနက်ကွင်းများ ရေထုတ်နုတ်ရေးနှင့် နွေရာသီစိုက်ပျိုးရေပိုမိုရေး လုပ်ငန်းများကို အထောက်အကူပြုမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေလှေရေထိန်းတံခါးမှာပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း တိုင်းနှစ်တိုင်းအတွက် အကျိုးသက်ရောက်မှုရှိသဖြင့် ရွှေလှေရေထိန်းတံခါး ရေရှည်ခိုင်ခံ့ရေးအတွက် စည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းကြရန် မှာကြားသည်။ **(သတင်းစဉ်)**

ဘွဲ့ခံဆရာတော်ကြီးခြောက်ပါးနှင့် သာသနာ့အာဇာနည်သုံးပါးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၁၃၆၅ ခု တပေါင်းလပြည့်ကျော် ၁ ရက် မတ် ၆ ရက်(စနေနေ့)တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက်ရှိ ကျောက်ပန်းတောင်းကျောင်းတွင် အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာဝံသ၊ စိတ္တပါလဂူကျောင်းဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ လာဘ ဆရာတော်ကြီးနှစ်ပါးနှင့်အတူ ဘွဲ့ခံဆရာတော်လေးပါးနှင့် သာသနာ့အာဇာနည်သုံးပါးတို့ကို ဆွမ်းဆက်ကပ်လှူဒါန်းဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ **(က–ပ)**

ဖေဖော်ဝါရီ ၂၈ ရက်က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်ပြီး ကျောင်းသားကျောင်းသူလေးများ၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆပ်ပြာခွက်များဖြင့်ထည့်ထားသောဘိန်းဖြူများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နယ်မြေခံ ထောက်လှမ်းရေးတပ်နှင့် မြစ်ကြီးနားမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်တွင် သတင်းအရ ဖားကန့်မြို့နယ် ဆည်ခင်းကျေးရွာနေ ဦးစိန်ဖေ၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းမှ ဆပ်ပြာခွက် ၁၁ခွက်ဖြင့်ထည့်ထားသော ဘိန်းဖြူစုစုပေါင်း အလေးချိန်ဂရမ် ၂၂၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဖားကန့်မြို့နယ် ဟောင်ပါးအုပ်စု ဆည်ခင်းရွာနေ ဦးသိမ်းမောင်၏သား စိန်ဖေနှင့်တစ်ရွာတည်းနေ ဦးသန်းအောင်၏သား ဝင်းအောင်တို့နှစ်ဦးအား ဖားကန့်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၄/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူထားသည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ် မုံရွာမူးယစ်အထူးအဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မုံရွာခရိုင် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းအရမုံရွာမြို့ ဘုရားကြီးရပ်ကွက် ရွှေနဒီအမြန်ရေယာဉ်ဆိပ်၌ မုံရွာမှကလေးဝသို့ ထွက်ခွာမည့်ရွှေပြည်တန်ရေယာဉ်ကို စစ်ဆေးရှာဖွေရာ ခရီးသည်မောင်စိန်ရှင်းခိုင်၏ အိတ်အတွင်းမှ ဆပ်ပြာခွက် ၁၃ခွက်ဖြင့်ထည့်ထားသော ဘိန်းဖြူစုစုပေါင်း ဒသမ၂၁၂ကီလိုဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ကလေးမြို့ ဗင်ထုံရပ် ဆိပ်ကမ်းသာလမ်းနေ ဦးရှင်ဇဒန်၏သား မောင်စိန်ရှင်းခိုင်အား မုံရွာရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိန်းဖြူ၂၅ဒသမ၉ကီလိုနှင့်လက်နက်ခဲယမ်းများ မူဆယ်၌ဖမ်းမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က နက်ပြာရောင် မတ်ခ်တူးအမျိုးအစား (လိုင်စင်မဲ့)ယာဉ်အမှတ် ၂ခ/၉၂၈၇ အား သတင်းအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နန်းတော်ဂိတ်အနီး စတားခရီးသွားလာရေးရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်၌ စောင့်ဆိုင်း၍ ပိတ်ဆို့ဖမ်းဆီးစဉ် ယာဉ်မှာ မောင်းနှင်ထွက်ပြေးရန် ပြင်ဆင်သဖြင့် ကားဘီးအား သေနတ်ဖြင့် ပစ်ဖောက်ခဲ့ရာ ယာဉ်မောင်းမှာ တရုတ်နိုင်ငံ ကျယ်ကောင်ဘက်သို့ ထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်တွင်ပါရှိလာသူ ကွတ်ခိုင်မြို့နယ် ရဲကြာကြိုင်ကျေးရွာနေ ဦးရောက်စ်၏ သားဟော်ကွယ်ချမ်းနှင့် ကွတ်ခိုင်မြို့နယ် ပန်ဖိတ်ကျေးရွာ ဦးမို့ဝင့်ချင်၏သား ငို့အယ်တို့ နှစ်ဦးအား ဘိန်းဖြူဘလောက်တုံး ၇၄ တုံး (အလေးချိန် ၂၅ဒသမ၉)ကီလို၊ လက်နက်မျိုးစုံ သုံးလက်၊ ကျည်ကတ်မျိုးစုံ ခြောက်ခု၊ ကျည်မျိုးစုံ ၁၂၅ တောင့်၊ လက်ပစ်ဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ ရက်က ဟော်ကွယ်ချမ်းနှင့် ငို့အယ်တို့နှစ်ဦးအား ဘိန်းဖြူ ၂၅ဒသမ၉ကီလိုနှင့် လက်နက်ခဲယမ်းများနှင့်အတူ မူဆယ်၌ ဖမ်းမိစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲက ဗဟန်းမြို့နယ် ဆရာစံလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ယင်းစစ်တုရင်ပြိုင်ပွဲသို့ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ အသင်းရှစ်သင်း ပြိုင်ပွဲဝင် အားကစားသမား၄၈ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်စစ်သမိုင်းပြတိုက်ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြင်ဆင်မွမ်းမံမှုများပြုလုပ်နိုင်ရန် မတ် ၁ ရက်မှ စတင်၍ ပြည်သူများအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် မတ် ၂၆ ရက်တွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေ နေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၉-၂-၂၀၀၄)ရက်နေ့
၂၀၀၄ ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄)ရက်နေ့ နှင့် (၂၈-၃-၂၀၀၄)ရက်နေ့



အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်အသင်းရှုံးပွဲ စတင်ကြုံရ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်

အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေသော ဘဏ္ဍာ/အခွန်အသင်းကို စတုတ္ထနေရာ၌ ရပ်တည်နေသော စွမ်းအင်အသင်းက ပထမပိုင်း၌ ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူပြီး မမျှော်လင့်ဘဲ အနိုင်ရရှိသွားခြင်းဖြစ်သည်။ စွမ်းအင်အသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၁၄မိနစ်အကြာတွင် ရန်နောင်စိုးက သွင်းယူပေးသည်။ စွမ်းအင်အသင်းအတွက် ဒုတိယဂိုးကို ၃၉ မိနစ်တွင် မင်းမင်းထွန်းက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် စွမ်းအင်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ပထမဆုံးရှုံးပွဲ

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက ကစားသမားများလဲလှယ်ပြီး ချေပဂိုးရရှိရေး ခြေကုန်ထုတ်ကစားသွားသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄မိနစ်တွင် စိုးလင်းထွန်းအစား လူစားဝင်ကစားသည့် သန်းဝေက သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို စွမ်းအင်အသင်းမှ ရန်နောင်စိုးကရရှိသည်။ဘဏ္ဍာ/အခွန်အသင်း၏ ယခုပွဲအရှုံးသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုံးရှုံးပွဲကြုံခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်အပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၀ပွဲကစား ကိုးပွဲနိုင်၊ တစ်ပွဲရှုံး (၂၇)မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ စွမ်းအင်အသင်းက ၁၀ပွဲကစား ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး (၂၁)မှတ်ဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။

ပြိုင်ပွဲရပ်နား

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ရန်နှင့် မူဆယ်မြို့နယ် ဘောလုံးကွင်း ဖွင့်ပွဲအထိမ်းအမှတ် ချစ်ကြည်ရေး ခြေစမ်းပွဲများသွားရောက်ယှဉ်ပြိုင်ရန် ရှိသဖြင့် ကျင်းပနေဆဲအဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။



ဒေါ်တင်တင်ရီ(ခ) တရုတ်မ (TYT) ၀၆၃၀၇၂
ဦးနေဝင်း ၈/မထန(နိုင်)၀၁၀၉၄၄
ဦးမြင့်သိန်း ၈/အလန(နိုင်)၁၀၅၆၉၀
ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးပွဲရုံလုပ်ငန်း
ကမ်းနားလမ်း၊ အောင်လံမြို့သိစေရန် သတိပေးကြေညာချက်

ပိုင်စိုးကုမ္ပဏီလီမိတက် အမှတ်-၂၁၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ပိုင်စိုးကုမ္ပဏီလီမိတက်ထံမှကော်မရှင်ငွေရယူ၍ နှမ်းနှင့်မြေပဲဝယ်ယူရေးကိုယ်စားလှယ် (အဝယ်တော်)လုပ်ငန်းဆောင်ရွက်သူ ဒေါ်တင်တင်ရီ(ခ)တရုတ်မနှင့် အဖွဲ့သည် ၂၀၀၃ခုနှစ် အောက်တိုဘာလ ၁၉ရက်မှနိုဝင်ဘာလ ၁၂ ရက်အတွင်း ကုမ္ပဏီနှင့်ကာလအတန်ကြာ ယုံကြည်စွာဆက်ဆံလာခဲ့မှုအပေါ် အခွင့်ကောင်းယူ၍ ပိုင်စိုးကုမ္ပဏီလီမိတက်ထံမှ ငွေများကို ရယူထားပါသည်။ ယင်းကိစ္စအပေါ် ပိုင်စိုးကုမ္ပဏီလီမိတက်အနေဖြင့် ဒေါ်တင်တင်ရီ(ခ) တရုတ်မနှင့် အဖွဲ့အား လူမှုရေးအရ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဒေါ်တင်တင်ရီ (ခ) တရုတ်မနှင့်အဖွဲ့သည် ရှောင်ဖယ်လျက်ရှိပါသည်။

ထို့ကြောင့် ဒေါ်တင်တင်ရီ(ခ)တရုတ်မနှင့်အဖွဲ့သည် ဤကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း ပိုင်စိုးကုမ္ပဏီလီမိတက်ထံသို့ ရယူထားငွေများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုပါသည်။ ဆက်လက်၍ ပျက်ကွက်နေပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမောင်မောင်ဝင်း
B.A(Eco),H.G,P.R.L တရားရုံးချုပ်ရှေ့နေ
တိုက်အမှတ် ၁ ၊ အခန်း ၂၄ ၊ မလိခအိမ်ရာ
ရတနာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၆၂၁၂၁

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၈၀၊ အခန်း ၇ နေ
(ဦးမောင်မောင်ကြီး-ဗိုလ်တထောင်မီးရထားပစ္စည်းထိန်းချုပ်ရုံး၊ ငြိမ်း)-ဒေါ်ခင်မာမာတို့၏သားငယ်
မောင်လင်းဇော်(ခ)မောင်ဝဏ္ဏ (2nd Officer)
(A.P Moller Singapore Pte.,Ltd., Maersk Line)
နှင့်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် ၃၀၀ နေ
ဦးရန်အောင် (Hanseatic Shipping Co.,Ltd.)-ဒေါ်တင်ရီကျော် (ဗဟိုအမျိုးသမီးဆေးရုံ၊ ငြိမ်း)တို့၏
တစ်ဦးတည်းသောသမီး
မခိုင်သဇင်သွယ်
B.A(Hons;) English, D.A(LCCI)
(Population Services International)

တို့၏ ၂၇-၂-၂၀၀၄ ရက်တွင် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲအခမ်းအနားနှင့် ၂၈-၂-၂၀၀၄ရက်တွင် International Business Centre ၌ ကျင်းပသော မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြသော မိတ်ဆွေသင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လင်းဇော်(ခ)မောင်ဝဏ္ဏ-မခိုင်သဇင်သွယ်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

[illegible]

တက္ကသိုလ်ဝင်စာမေးပွဲ
ရူပဗေဒဘာသာ သိကောင်းစရာ

[illegible] Internet [illegible] update [illegible] Motivation [illegible]

Physics is concerned with matter and energy in the numerous forms they exist. Regarding matter, at first physicists and chemists thought that atom was something indivisible. But nuclear physicists such as Rutherford, Cockroft and Walton [look for their photographs] discovered that atoms could be split up. From such work a picture of the atom emerges.

[proton +neutron=nucleons; some nucleons have charges ie protons some have none ie neutrons carry no charges]
An atom has a heavy central core called the nucleus, made up of protons

(m_p=1836 m_e) and neutrons ($m_n \approx m_p$; m_n = 1.6749 E-27 kg = 939.565 MeV; m_p = 1.6726 E-27 kg = 938.272 MeV) with electrons (m = 9.1E-31 kg =0.511MeV [mega electron volt, million electron volt]] =0.511E 6 eV; 1 eV [electron volt] = 1.6 E –19 J) whirling round the nucleus. In the H-atom, the nucleus



Fig. 14-42: Instability of Rutherford's model

contains a single proton. In lithium (Li) A=7, Z=3, there are 3 protons and four neutrons inside the nucleus. In helium (He) A=4, Z=2, there are 2 protons and 2 neutrons.

Normally, an accelerated electron emits radiation, thus the electron orbiting the nucleus would certainly fall into the nucleus and the atom would collapse.

[illegible]
Bohr made the following assumptions to prevent the atom from collapsing:

- electrons do not radiate energy when they are moving in closed orbits round the nucleus
- they radiate or absorb energy when they jump from one orbit to another

[illegible] (closed orbits) [illegible] (radiate energy) [illegible] (absorb energy) [illegible]

Now the electron is an elementary particle [illegible] with spin motion (often given in short hand as ½) as well as orbital motion. Every particle has one kind of spin or the other. A photon, or a particle of light or of the electromagnetic field, has spin 0. A graviton or a particle of gravitational field has spin value 2.

Proton and neutron can stay inside the nucleus and each has spin value ½ .
A very strange force called nuclear force acts between p and p , n and p and n and n. In each case the force is found to be the same. It makes no difference that one(neutron) has charge zero and the other (proton) has charge +1 unit. To distinguish between the two of them, the proton is assumed to a have an "up" property of + ½ unit and the neutron a "down" property of – ½ .
It turns out that the proton and the neutron are not considered to be fundamental particles anymore since they are composed of three quarks each.



There are altogether six quarks and six anti quarks in nature. They carry colour charges and are thus not observed in Nature. Those that are observed are colourless.

[illegible]

Quark	spin	charge	isospin	strangeness	charm	beauty	truth	baryon no
up or u	½	2/3	½					1/3
down or d	½	-1/3	- ½					1/3
strange or s	½	-1/3	0	-1				1/3
charm or c	½	2/3	0		1			1/3
beauty or b	½	-1/3	0			-1		1/3
truth or t	½	2/3	0				1	1/3

There are also six types of exchange particles [illegible]

Particle	spin	charges	Mass	Force
Photon	1	0	0	electric & magnetic
W^+, W^-, Z^0	1	+1,-1,0	80, 80, 90 GeV	Weak nuclear
graviton	2	0	0	Gravitation
Gluon	1	8 colour charges	0	Strong nuclear

1GeV=1.0E+9eV [giga electron volt] One uses these difficult scientific terms because to an American scientist one billion is 1.0E+9 and to a British it is 1.0E+12 even though each claims to use the same language, English. Thus one tends also to use the term "mega" instead of "million" in science as well as in engineering. According to Einstein "energy[E] has mass E/c^2" and "mass[m] has energy mc^2" it is quite permissible to use energy units for mass where c is the speed of light in vacuum .

Subatomic particles [illegible]

baryons	spin	charge	isospin	Strange-ness	charm	beauty	truth	baryon no
p:uud	½	1	½	0	0	0	0	1
n:ddu	½	0	-½	0	0	0	0	1
Δ+:uud	3/2	1	½	0	0	0	0	1
Δ^0:ddu	3/2	0	-½	0	0	0	0	1
Σ^{*0}:uds	3/2	0	0	-1	0	0	0	1
Λ:uds	½	0	0	-1	0	0	0	1
Ω–:sss	3/2	-1	0	-3	0	0	0	1
Σ+:uus	½	1	1	-1	0	0	0	1
Σ–:dds	½	-1	-1	-1	0	0	0	1
Σ^0:uds	½	0	0	-1	0	0	0	1
Ξ–:dss	½	-1	-½	-2	0	0	0	1
Ξ^0:uss	½	0	½	-2	0	0	0	1

baryons	spin	charge	isospin	Strange-ness	charm	beauty	truth	baryon no
π^+,ρ^+: $u\bar{d}$	0,1	1	1	0	0	0	0	0
π^-,ρ^-: $\bar{u}d$	0,1	-1	-1	0	0	0	0	0
π^0,ρ^0: $(u\bar{u}+d\bar{d})/\sqrt{2}$	0,1	0	0	0	0	0	0	0
η^0,ω^0: $(u\bar{u}-d\bar{d})/\sqrt{2}$	0,1	0	0	0	0	0	0	0
K+: $u\bar{s}$	0	1	½	1	0	0	0	0
K–: $\bar{u}s$	0	-1	½	-1	0	0	0	0
K^0: $d\bar{s}$	0	0	-½	1	0	0	0	0
$\bar{K}^0$: $\bar{d}s$	0	-1	½	-1	0	0	0	0
η',ϕ: $s\bar{s}$	0,1	0	½	-2	0	0	0	0

The splitting of the atom was performed by a team led by Cockcroft, Walton and Rutherford. They bombarded a lithium [^7_3Li]atom by a proton

$$^7_3\text{Li} + ^1_1\text{H} \longrightarrow ^4_2\text{He} + ^4_2\text{He}$$

Six Leptons [illegible]
1MeV= 1.0E+6eV

Particle	spin	Charge	Mass(MeV)
Electron	½	-1	0.51
Muon	½	-1	105.6
Tau	½	-1	1777
electron neutrino	½	0	8eV
muon neutrino	½	0	0.25
tau neutrino	½	0	35

Each particle has an antiparticle that carries an opposite charge but the same mass.



Feynman graphs and diagrams for strings
There is a striking resemblance between Feynman diagrams[left] for particles such as positrons [beta particles consist of moving electrons and positrons, remember]electrons and photons [particles of light]and the diagrams for strings [right] representing the same events. Professor Ed Witten who won the Fields Medal[Nobel Prize for Mathematics] is a Professor of Physics who is a leading researcher in String theory. There are five string theories and a supergravity theory which are part of 11 dimensional M Theory [Remember in atomic theory we have Thomson, Rutherford theory, Bohr theory and Quantum theory]

- 10 Dimensional Type I
- 10 Dimensional Type IIA
- 10 Dimensional Type IIB
- 10 Dimensional Heterotic O
- 10 Dimensional Heterotic E
- 11 Dimensional Supergravity



The various modes of vibration of these extremely small strings [remember frequencies [$f_n \propto 1/\lambda_n$] of the first few harmonics of a vibrating string] represent the energy [E] spectrum [remember the ray spectrum] of all particles that exist in nature. Energy in atomic theory is E = f h where h is the Planck constant.



Do you not think it is surprising that particles were considered as points which are zero dimensional with no structure [body] and now they are considered as very, very small strings which are one dimensional things? [illegible] A string may have many possible shapes of vibration. All different elementary particles may be seen as arising from the same string vibrating in different possible shapes.

The following diagrams show how the quark contents of baryons may be arranged. There is a lot of excitement regarding very recent discoveries of baryons containing three quarks including two charm quarks which are rather hefty or heavy.



The above is an equilateral triangle (all sides have the same length ; each angle is 60°)
The lines drawn are perpendicular bisectors from the vertices. Each is intersected at $\frac{2}{3}$ from the vertex and $\frac{1}{3}$ from the base. This mathematics is covered in the eighth or ninth standard course.

[illegible]

[illegible] (၁၅) ၅



The four lightest quarks ,up(u), down(d), strange(s) and charm(c) can be arranged in twenty different ways to create baryons. All the baryons containing zero or one charm quark have been detected in experiments. Recently for the first time, the SELEX experiment has observed baryons containing two charm quarks. Baryons can have spins of ½(left) or 3/2(right)-which all have spins of ½- line up together. Only sixteen of twenty combinations can exist in the lowest spin state, while all 20 can exist in the highest. The charge on the baryon is found by adding the charges on the quarks: +2/3 for up and charm quarks and −1/3 for down and strange quarks. The proton for example contains two up and one down quark and has a spin of ½ ; the same quarks can also combine to form an excited state with spin 3/2 that is known as a Δ^+ baryon.

[illegible] (၂) [illegible] (၃) ray diagrams, circuit diagrams [illegible] (၄) [illegible] reasons [illegible] (၅) fill in the blanks [illegible] true or false [illegible] (၆) [illegible] distinction [illegible] soft skills training [illegible] CHRD YU [illegible]

[illegible] second wind , third wind [illegible] time table [illegible]

[illegible] (၁) light, electricity magnetism (Ohm's law,Coulomb's law),heat,mechanics [illegible] (၂) modern physics [illegible] (၃) ray diagrams, circuit diagrams [illegible] (၄) [illegible] reasons [illegible] (၅) transistors, semiconductors, full wave half wave rectifiers, xray production, oscilloscope TV radio [illegible] (၆) [illegible] (၇) practice makes perfect [illegible]

Energy levels and the velocity of the electron

Problem 1: Here is an interesting problems that will teach you a lot about Physics! Try working through it. For a proton



$E = h\nu$, $c = \nu\lambda$, $\frac{E}{c} = p\left[\frac{ML^2T^{-2}}{LT^{-1}} = MLT^{-1}\right]$ Hence $p = \frac{h\nu}{c} = \frac{h}{\lambda}$

For an electron the same applies : $mv = \frac{h}{\lambda}$

There are two forces acting on the electron. One of the forces is the orbital one called the cetripetal force: mv^2/r [$M\,L^2T^{-2}L^{-1} = M\,L\,T^{-2}$ = dimension of force] and the Coulomb force : Ke^2/r^2. To keep the electron in the Bohr orbit, these two forces must be equal.

$$mv^2/r = Ke^2/r^2 \qquad (1)$$

From Bohr's assumption,

$$mvr = n\,h/2\pi = n\hbar$$

$$Kme^2/\hbar^2 = 1/r$$

and (1) the speed of the electron in nth Bohr's orbit

$$v/c = n\,Ke^2/c\hbar = n\,(1/137)$$

Energy of the electron in nth Bohr's orbit is [$V = -Ke^2/r$] $K=1/4\pi\varepsilon_0$

$$E = T + V = Ke^2/r - ½\,(Ke^2/r) = -(K^2\,2\pi^2me^4)/n^2h^2$$

$$E_n = -13.6 / n^2$$

You can obtain the value −13.6 eV for n = 1 with h = 6.626E-34Js; K = 9E 9 Nm²/C² and m = 9.1E-31 kg .
1.6E-19 J= 1eV and draw up the energy level diagrams for hydrogen atom and helium atom.

Problem 2: Here is another interesting problem! Try to understand this problem: you will learn quite a lot by working through it.

The Ratio of the Electric Force and the Gravitational Force

The ratio of the electic force and the gravitational force between two electrons is given by $\frac{Ke^2}{Gm^2}$.

* With K= 9E-9 NC⁻²m² G=6.673E-11N kg⁻² m² e=1.6E-19C m=9.1E-31kg
  $F_C / F_G \sim 10^{42}$
* The ratio of the electric force and the gravitational force between a proton (m_p =1837m)and an electron is given by $\frac{Ke^2}{Gmm_p}$.
* $F_C / F_G \sim 10^{39}$ What is the value of the ratio if we replace the proton with a neutron? Remember the neutron carries no charge(e=0) but has about the same mass as the proton ($m_n \approx m_p$).





Fig. Edison's experiment

[illegible] CHRD [illegible]



**3 years for double diploma students
3½ years for single diploma students

Examples for Revision

1. Write down Archimedes' principle. At what depth will the pressure exerted on a man be twice that of the pressure at the surface of the water?

Archimedes' Principle

The upward thrust acting on a body which is immersed in a liquid is equal to the weight of the liquid displaced by the body.

$$p_h = 2\,p_{atm},\ r = 1025\ \text{kg m}^{-3},\ h = ?$$

$$\text{The pressure at the depth of h m} = P_{atm} + r\,g\,h$$

$$2\ \text{atm} = 1\ \text{atm} + 1025 \times 9.8 \times h\ \ \text{Pa}$$

$$10045\ h\ \text{Pa} = 1\ \text{atm} = 1.01 \times 10^5\ \text{Pa}$$

$$h = 10.05\ \text{m}$$

2. What electrical instrument is shown in the Fig? [galvanometer, ammeter, voltmeter] What physical quantity can you measure using it?[current, potential-difference, temperature]. Explain its construction.

Moving coil voltmeter.
Potential difference
A wire of high resistance is connected in series with the coil of the galvanometer.
Total potential difference is $V = IR_g + IR$. The voltmeter scale is so calibrated that pointer reads the potential difference directly.

3. An object is 20 cm in front of a concave mirror of focal length 15 cm. How far must the screen be placed from the concave mirror to receive the image of object? If the object is 2 cm tall find the size of the image

u = + 20 cm, f = + 15 cm (Concave mirror), IP = ?, OO' = 2 cm, II' = ?

$$\frac{1}{f} = \frac{1}{u} + \frac{1}{v},\quad \frac{1}{15} = \frac{1}{20} + \frac{1}{v},$$

